ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (13-3-2015) (၈၁၄၃)

လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ။ ။ ။ ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား မလေးရှားနိုင်ငံဘုရင်နှင့် မိဖုရားတို့က ဂုဏ်ပြုကြိုဆို

ကွာလာလမ်ပူ မတ် ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား မလေးရှားနိုင်ငံ ဘုရင် ဆူလတန် အဗ္ဒုလဟာလင်မ်မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဇ်ပါမိုင်ဆူရီ အက်ဇွန်တွန်ကူ ဟာဇျာဟာမီနာတို့က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ပါလီမန်ရင်ပြင်၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့် ပါလီမန် ရင်ပြင်သို့ရောက်ရှိလာရာ မလေးရှားနိုင်ငံဘုရင်နှင့် ဇနီးတို့က ရင်နှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဘုရင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး နိုင်ငံတော်သမ္မတက ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(ဝဲဘုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားဘုရင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ လိုက်ပါလာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။ **(သတင်းစဉ်)**

အပြုသဘော ကုသိုလ်စိတ်ဖြင့်
စာမျက်နှာ » ၆

ထိန်းသိမ်းခဲ့သည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ မိဘများထံသို့ ပြန်လည်အပ်နှံ
စာမျက်နှာ » ၉

တောင်သမန်အင်းတွင် ငှက်သမွန်စီးသူ ပြည်ပခရီးသွားဧည့်သည်များပြားလာ

မန္တလေး မတ် ၁၂

ခရီးသွားလာရန်ကောင်းမွန်သည့် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်ရာ ပြည်ပခရီးသွားဧည့်သည်အများအပြားမှာ တောင်သမန်အင်းနှင့် ဦးပိန်တံတား ညနေရွှေခင်းအလှကို ကြည့်ရှုခံစားရန် လာရောက်လျက်ရှိသည်။ ပြည်ပခရီးသွားဧည့်သည်များသည် တောင်သမန်အင်းအတွင်း ငှက်သမွန်စီး၍ သဘာဝရှုခင်းအလှကို ခံစားကြည့်ရှုကြသဖြင့် ငှက်သမွန်ခတ်သူများ နေ့စဉ်ဝင်ငွေပိုမိုရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱

ကြေးမုံစာတည်းရုံးထံ ၁၃-၃-၂၀၁၅၊ သောကြာနေ့

စားနပ်ရိက္ခာပူလုံရေး မွေးမြူရေးကိုဦးစားပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ ကျေးလက်နေပြည်သူအများစုမှာ စိုက်ပျိုးရေးအားထားလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် တွဲဖက်လုပ်ကိုင်ကြသည်။ ထိုသို့ လုပ်ကိုင်ကြရာတွင် မိမိုးဖလာနည်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် တိုးပွားလာသော လူဦးရေအတွက် စားနပ်ရိက္ခာပူလုံစေရန်နှင့် ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီလယ်ယာစနစ်ကို အားပေးထူထောင်ပေးနေသည်။ ထိုသို့ ထူထောင်ပေးရာတွင် စိုက်ပျိုးရေးနှင့်အတူတွဲဖက်လုပ်ကိုင်နေသော မွေးမြူရေးကိုလည်း အဆင့်မြှင့်တင်ပေးသွားရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသော အချက်ဖြစ်၍ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။

မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ခေတ်မီမွေးမြူစနစ်များ ဖန်တီးပေးရန်လိုအပ်သလို မွေးမြူထားသော တိရစ္ဆာန်များ ဖွံ့ဖြိုးရေးအတွက် တိရစ္ဆာန်များ ကျန်းမာအောင်ကုသစောင့်ရှောက်မှုပေးရန်လည်း လိုအပ်ပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပေးထားပြီး ကျွမ်းကျင်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိပါသည်။

တိရစ္ဆာန်ဆေးပညာဆိုင်ရာဘာသာရပ်ကို မြန်မာနိုင်ငံတွင် ၁၉၅၇ ခုနှစ်က စတင်သင်ကြားပေးခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင် မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်အဖြစ် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ၁၉၉၉ ခုနှစ်တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အဖြစ် ပြင်ဆင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုသို့ ဖွင့်လှစ်ပေးခဲ့သောကြောင့် ၁၉၅၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မွေးမြူရေးဆိုင်ရာဘွဲ့ရပညာရှင် ၄၄၀၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ထိုပညာရှင်များသည် နယ်ပယ်ဒေသအသီးသီးတွင် စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်သော ကျေးလက်မှ မွေးမြူရေးလုပ်ကိုင်သူများ၊ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများအား တစ်နည်းတစ်လမ်းအထောက်အကူပြုလျက် ရှိနေသည်မှာ အမှန်ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဂျပန်နိုင်ငံအစိုးရကလည်း ၂၀၀၀ ပြည့်နှစ်မှစတင်၍ မွေးမြူရေးဆိုင်ရာ မဟာသိပ္ပံတန်းနှင့် ပါရဂူသင်တန်းများအတွက် တိရစ္ဆာန်ဆေးကုဆရာဝန်များကို နှစ်စဉ်ပညာတော်သင်ခေါ်ယူ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ထို့အပြင် ဂျာမနီအစိုးရကလည်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ထူးချွန်သောပညာရှင်များကို ပညာသင်ဆုများ ပေးအပ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရကလည်း မလေးရှားနိုင်ငံသို့ ပညာသင်များ စေလွှတ်ပေးလျက်ရှိပါသည်။

ဤသို့ ဆောင်ရွက်ပေးနေခြင်းသည် အနာဂတ်မွေးမြူရေးကဏ္ဍအတွက် မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ ဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်သော ပညာရှင်များပေါ်ထွက်လာစေရန် ဖြစ်ပါသည်။ အထူးပြုဘာသာရပ်အလိုက် ထိုသို့ နက်နဲကျယ်ပြန့်စွာ သင်ကြားလေ့ကျင့်ပေးနိုင်သဖြင့် လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ကာ လိုအပ်နေသော စားနပ်ရိက္ခာများကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

ယခုအခါ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင် ထားရှိပြီး ပညာရှင်များ မွေးထုတ်ပေးနေခြင်းသည် ကျေးလက်ဒေသမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်လုပ်ကိုင်နေသော ပြည်သူများသာမက စီးပွားဖြစ်မွေးမြူနေသော ပြည်သူများအတွက်ပါ များစွာအထောက်အကူပြုနေသည်မှာ အမှန်ဖြစ်ပါသည်။ ။

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းအား ပြည်တွင်း ပြည်ပပညာရှင်များ ပူးတွဲထိန်းသိမ်းလျက်ရှိ

မန္တလေး မတ် ၁၂

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သည် ရတနာပုံမြို့နန်းတည် မင်းတုန်းမင်းတရားကြီး(၁၈၅၃-၁၈၇၈)စံမြန်းတော်မူခဲ့သည့် မြန်နန်းစံကျော်ရွှေနန်းတော်မှ ရွှေနန်းတော်ဆောင်နှင့် စနုဆောင်ဖြစ်ပြီး၊ မင်းတုန်းမင်းကြီး နတ်ရွာစံခဲ့ပြီးနောက် ထီးနန်းအရိုက်အရာဆက်ခံစီးစံသည့် သားတော်သီပေါမင်း(၁၈၇၈-၁၈၈၅) က ၁၈၇၈ ခုနှစ်တွင် စနစ်တကျ ဖြုတ်သိမ်းရွှေ့ပြောင်းကာ ဘုန်းတော်ကြီးကျောင်းအဖြစ် ပြုပြင်မွမ်းမံဆောက်လုပ်လျှါနိုးခဲ့ခြင်းဖြစ်သည်။

ရွှေနန်းတော်ကျောင်းသည် မြန်မာနိုင်ငံတွင် ထင်ရှားသည့် အခြားကုန်ဘောင်ခေတ်နှောင်း သစ်သားဘုန်းတော်ကြီး ကျောင်းများကဲ့သို့ ပြာသာဒ်ဆောင်နှင့် ဘောဂဆောင်များ ပါဝင်ခြင်းမရှိသော်လည်း သားတော် သီပေါမင်း၏ ဖခမည်းတော် မင်းတုန်းမင်းတရားကြီးအပေါ် ထားရှိသော မေတ္တာနှင့် နန်းတော်ဆောင်နှင့် စနုဆောင်ကို အသွင်တစ်မျိုးဖြင့် ပေါင်းစပ်၍ ဘုန်းတော်ကြီးကျောင်းအဖြစ် ပြောင်းလဲပုံဖော်ဆောက်လုပ်ခဲ့သော မြန်မာဗိသုကာပညာရှင်တို့၏ အရည်အသွေးကို တွေ့မြင်နိုင်သည်။ ထို့ပြင် မြန်နန်းစံကျော် ရွှေနန်းတော်တွင် မင်းတုန်းမင်းတရားကြီး စံမြန်းတော်မူခဲ့သည့် ရွှေနန်းတော်ဆောင်၏ မူရင်းရွှေပိန်းချ အဆောက်အအုံနှင့် ဗိသုကာလက်ရာတို့ကို တွေ့မြင်နိုင်သည့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် လက်ရာအဆောက်အအုံတစ်ခုလည်း ဖြစ်သဖြင့် ၁၉၉၉ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက သံအမတ်ကြီးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးရန်ပုံငွေ အကူအညီရယူ၍ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့သည်။

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း စီမံကိန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက သံအမတ်ကြီးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးရန်ပုံငွေ အကူအညီရယူ၍ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့သည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ ရွှေနန်းတော်ကျောင်း အဆောက်အအုံအား စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ရိုးရာနည်းစနစ်များ မတိမ်ကော မပျောက်ပျက်စေရေး၊ ပြန်လည်ဖော်ထုတ်ရေး၊ ဒေသခံလက်မှုပညာ ကျွမ်းကျင်သူများနှင့် ဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားစေရေးနှင့် အခြားအကျိုးသက်ရောက်မှုများ ရှိစေရေး တို့ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်ပြုပြင်ထိန်းသိမ်းမှုများနှင့် ပတ်သက်၍ သိရှိသူ၊ သက်ဆိုင်သူများအား မေးမြန်းခြင်း၊ အဆောက်အအုံကို အသေးစိတ်ကြည့်ရှု စူးစမ်းလေ့လာခြင်းနှင့် တည်ဆောက်မှုဗိသုကာပုံစံကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြီး မှတ်တမ်းတင်ခြင်း၊ ခေတ်မီ Laser Scaner အသုံးပြု၍ အဆောက်အအုံအတွင်းအပြင် အစိတ်အပိုင်းများ၊ မြန်မာမှုပန်းပုလက်ရာ ကနုတ်ပန်းများ၊ ရုပ်လုံးရုပ်ကြွများ၏ ပုံသဏ္ဌာန်နှင့် ပတ်ဝန်းကျင်အား လိုအပ်လျှင် အသစ်ပြန်လည် တည်ဆောက်နိုင်မည့်အဆင့်အထိ မှတ်တမ်းတင်ခြင်းများကို ပြည်ပနိုင်ငံများမှ အတွေ့အကြုံရှိသူများကို ရွေးချယ်၍ ဌာနဝန်ထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ဒေသခံပညာရှင်များနှင့် ပူးပေါင်း၍ ဦးစွာဆောင်ရွက်ခဲ့သည်။ ထို့ပြင် မီးဘေးလုံခြုံရေးအတွက် ကာကွယ်နိုင်မည့် အစီအမံများ၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဆောင်ရွက်နိုင်မှုများနှင့် မြေအောက်ရေ အနေအထားနှင့် သစ်သားအစိတ်အပိုင်းများ၏ ဆက်နွယ်မှုများကို လေ့လာဆန်းစစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဖြစ်နိုင်ခြေတွက်ချက်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များကိုလည်း စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် ရွှေနန်းတော်ကျောင်း၏ စကြံပတ်လမ်းသစ်သားတိုင်များအား စနစ်တကျ ပြုပြင်ထိန်းသိမ်း၍ အဆောက်အအုံပိုင်းဆိုင်ရာထိန်းသိမ်းမှုများကို စတင်ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် သစ်သားပန်းပုလက်ရာများနှင့် ဘုရားဆင်းတုတော်ပလ္လင်တံကဲတို့ကိုလည်း စီမံချက်ပါလုပ်ငန်းစဉ် အချိန်ဇယားအတိုင်း စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်ပညာရှင်များ၊ ရုရှားပညာရှင်များနှင့် ဂျပန်ပညာရှင်များ စုပေါင်း၍ ၎င်းတို့ကျွမ်းကျင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှုန်း နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၁၂

ရန်ကုန်	ရွှေဈေး	၆၆၄၀၀၀	- ၆၆၅၀၀၀
မန္တလေး	ရွှေဈေး	၆၆၄၀၀၀	- ၆၆၅၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၇၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၆၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၇.၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၀၈၃.၂
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၄.၀၀
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁.၂၀၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၇၈.၅၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆.၃၇၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၄၅.၀၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀.၆၆၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၇၈၀.၉၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၄၀.၄၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

တပည့်များအပေါ် သားသမီးအရင်းပမာ နွေးထွေးသော မေတ္တာကရုဏာဖြင့် အစဉ်လမ်းညွှန်ဆုံးမတတ်ပါသော San Lwin Trading Co.,Ltd ၏ MD ဒေါက်တာဆန်းလွင်၏ ၁၃-၃-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

San Lwin Trading Co.,Ltd

ရန်ကုန်ရုံးချုပ်နှင့်နယ်ရုံးများမှ
တပည့်ဝန်ထမ်းများ

တက္ကသိုလ်ဝင်စာမေးပွဲ သီပေါဌ္ဌ အေးချမ်းစွာဖြေဆို

သီပေါ မတ် ၁၂

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါစာစစ်ဌာနသုံးခု၌ စတင်ကျင်းပရာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။

အမှတ်(၁) အထက စာစစ်ဌာနတွင် အတွဲ(၁)နှင့် အတွဲ(၇)ကို ၆၈၄ ဦး၊ အထက်တန်းကျောင်းခွဲ (၂)တွင် အတွဲ(၁)နှင့်အတွဲ(၂)ကို ၉၅ ဦး၊ နမ့်လန်အထက စာစစ်ဌာနတွင် အတွဲ(၁)၊ အတွဲ(၂)နှင့် အတွဲ(၇)ကို ကျောင်းသား ကျောင်းသူ ၁၁၅ ဦး ဖြေဆိုကြပြီး စုစုပေါင်း သီပေါမြို့နယ် စာစစ်ဌာန သုံးခုတွင် ၈၉၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။

စိုင်း(သီပေါ)

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

နေပြည်တော် မတ် ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံဘုရင် ဆူလတန်အဗ္ဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဇာပါမိုင်ဆူရီ အက်ဂွန်တွန်ကူ ဟာဂျာ ဟာမီနာတို့၏ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှ ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် သံရုံးတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာဉ်)**

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိ



ကွာလာလမ်ပူ မတ် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ဇနီး၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်နှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးမိသားစုများက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Grand Hyatt ဟိုတယ်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

စိတ်ကြိုက်ဓာတ်ပုံများ ပြည်သူ့ရှင်ပြင်တွင် ပြသမည်

ရန်ကုန် မတ် ၁၂

၂၀၁၅ ခုနှစ် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြပွဲကို မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ထိုပြပွဲတွင် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဝင် ဌေးဝင်း(ရမ္ဘာဝတီ)၏ ၂၀၁၄ ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာဆုတံဆိုင်စိုက်ဆုပေးအပ်ပွဲနှင့် ဆုရဓာတ်ပုံများ ချိတ်ဆွဲပြသ၍ အမှုဆောင်များက အလှည့်ကျဟောပြောကြမည်ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံဓာတ်ပုံနှစ်ပတ်လည်ဆုရ ဓာတ်ပုံအသင်းဝင်များအား မတ် ၂၂ ရက်တွင် ဆုပေးပွဲနှင့် ထိုရက်များတွင် ဓာတ်ပုံများ ချိတ်ဆွဲပြသ၍ ဓာတ်ပုံပွဲတော်အဖြစ် ကျင်းပမည်ဖြစ်ပြီး အသင်းဝင် ဓာတ်ပုံဆရာကြီးများ၏ စိတ်ကြိုက် ၂၀"×၃၀" ပုံကြီးများ လာရောက်တင်နိုင်ကြောင်း နှိုးဆော်ထားသည်ကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကျင်းပမည့်နေရာမှာ ပြည်သူ့ရှင်ပြင် Yangon Gallery တွင်ဖြစ်သည်။ **(ကျော်မြင့်သန်း)**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒုတိယမြောက်နေ့ ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၂

ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အထက(၂၂) စာစစ်ဌာနတွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒုတိယမြောက်နေ့အဖြစ် မတ် ၁၂ ရက်က (ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)အတွဲတွင် ၅၇ ဦး၊ (ဓာတုဗေဒ ရူပဗေဒ၊ ဘောဂဗေဒ)အတွဲတွင် ၂၈၅ ဦး၊ (ပထဝီ ၊သမိုင်း၊ ဘောဂဗေဒ)အတွဲတွင် ၂၉ ဦး၊ အင်္ဂလိပ်ဘာသာရပ် ဖြေဆိုသူစုစုပေါင်း ၃၇၁ဦး အေးချမ်းစွာ ဖြေဆိုကြကြောင်း သိရသည်။ **သန့်မောင်(မြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဘုရင်တွေ့ဆုံ

ကွာလာလမ်ပူ မတ် ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီက ကွာလာလမ်ပူမြို့ရှိ ဘုရင့်နန်းတော်သို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် မလေးရှားနိုင်ငံ ဘုရင်နှင့် မိဖုရားတို့သည် စုပေါင်းမှတ်တမ်းတင် မာတ်ပုံရိုက်ကြသည်။ **(ယာပို)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံ ဘုရင်တို့ တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံ ဘုရင်နှင့်မိဖုရားတို့က နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား Banquet Hall ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တွေ့ဆုံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတို့သို့ နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံဘုရင်နှင့် မိဖုရားတို့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၂

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြေဆိုရန် စာရင်းရှိဦးရေမှာ ၁၀၆၁၆၇ ဦးအနက် ၉၈၈၅၃ ဦးဖြေဆိုခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၁၁ ရှိကြောင်း အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ သိရသည်။

"ဒီနေ့အင်္ဂလိပ်စာမေးခွန်း ဖြေနိုင်တယ်။ Essay လည်း လွယ်တယ်။ Grammar လည်း လွယ်ပါတယ်။ မြန်မာစာနေ့တုန်းကလည်း ဖြေနိုင်တယ်"ဟု အထက(၁) လသာမှ ကျောင်းသူတစ်ဦးက ပြောသည်။

"ဖြေတော့ဖြေနိုင်ပါတယ်။ အောင်မှတ်လောက်တော့ ရမယ်လို့ထင်တယ်။ ကျွန်တော်က ခက်တဲ့အပိုင်းလောက်ကိုကြည့်ထားတာပါ" ဟု အဆိုပါကျောင်းမှ ကျောင်းသားတစ်ဦးကလည်း ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စာစစ်ဌာနပေါင်း ၂၁၂ ခု ဖွင့်လှစ်ထားရှိရာ ကျောင်းသား ၄၉၃၄၂ ဦး၊ ကျောင်းသူ ၅၆၇၉၅ ဦး စုစုပေါင်း ၁၀၆၁၆၇ ဦး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးထားသည်။ ပထမနေ့ မြန်မာစာဘာသာကို ဖြေဆိုသူဦးရေမှာ ကျောင်းသား ၄၅၁၄၆ ဦး၊ ကျောင်းသူ ၅၃၈၉၉ ဦး စုစုပေါင်း ၉၉၀၄၅ ဦးရှိ၍ ရာခိုင်နှုန်းအား ဖြင့် ၉၃ ဒသမ ၂၉ ဖြေဆိုကြပြီး ပျက်ကွက်ဦးရေမှာ စုစုပေါင်း ၇၁၂၂ ဦး ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိုက်က "ကလေးမိဘတွေက သားသမီးတွေ စာမေးပွဲဖြေဆိုနေကြတာကို အရိပ်ထဲကနေ စောင့်ပြီးကလေးတွေ ပြန်ထွက်အလာကို မျှော်နေကြတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ ကလေးတွေအားလုံး အေးအေးချမ်းချမ်းနဲ့ စာမေးပွဲကိုဖြေဆိုနေကြပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် မြန်မာနိုင်ငံရှိ ကျောင်းသား ကျောင်းသူများအတွက် အနာဂတ်ဘဝရှေ့ခရီးတွင် အရေးပါသော စာမေးပွဲဖြစ်၍ မိဘ၊ ဆရာများပါ နှစ်လုံးပေါက်ကြိုတင်ပြင်ဆင်ခဲ့ကြရသည်။ မတ် ၁၁ ရက်က စတင်ကျင်းပသည့် ပထမနေ့ စာမေးပွဲရက်တွင် တစ်နိုင်ငံလုံးရှိ စာစစ်ဌာနအသီးသီးတွင် ကျောင်းသား ကျောင်းသူများအားအေးချမ်းစွာ ဝင်ရောက်ဖြေဆိုနိုင်ခဲ့ကြကြောင်း ကြားသိရသည်။

ပိုလ်တထောင်မြို့နယ် အထက-၂ မှ ကျောင်းသား မောင်ဟိန်းကျော်စိုးက "မြန်မာစာကို ဖြေတော့ဖြေနိုင်ပါတယ်။ အခြိန်ရှိခိုက် လုံ့လစိုက်စာစီစာကုံးကို ဖြေခဲ့ပါတယ်။ ဒီနေ့မေးခွန်းက မလွယ်လည်း မလွယ်ဘူး။ မခက်လည်း မခက်ပါဘူး။ ကျွန်တော်ကျက်ထားတာနဲ့ နည်းနည်းတိုးပါတယ်"ဟု ပြောသည်။

ပိုလ်တထောင်မြို့နယ် အထက(ခွဲ) အလက (၂)မှ ကျောင်းသူတစ်ဦးက " ဒီနေ့ ဖြေနိုင်ပါတယ်။ အခက်အခဲတော့မရှိပါဘူး။ မနက်ဖြန်အတွက်တော့ အကောင်းဆုံး ဖြေနိုင်အောင် ကြိုးစားမှာပါ"ဟု လည်းကောင်း၊ ပိုလ်တထောင်မြို့နယ်မှ အထက(၆) ကျောင်းသား မောင်အောင်ဝိုလ်ဦးက "ဒီနေ့ မေးခွန်းကလွယ်တယ်။ ကျွန်တော်အမှတ်(၈၀) ရမယ်လို့ မှန်းတယ်"ဟု လည်းကောင်း ပြောသည်။

တာမွေမြို့နယ် အလက(၁)မှ ကျောင်းအုပ်ဆရာမကြီး စာစစ်ကြီးကြပ်ရေးမှူး ဒေါ်မြမျိုးလွင်က "အားလုံးအေးအေးဆေးဆေးပါပဲ။ ကလေးတွေလည်း ဖြေနိုင်ကြပါတယ်။ အထက(၆)ပိုလ်တထောင်စာစစ်ဌာနမှာတော့ အတွင်းဖြေလည်းရှိတယ်။ အပြင် ဖြေကျောင်းသားလည်း ရှိတယ်။ ဘာသာတွဲကလည်း အတွဲ(၁)၊ (၂)၊ (၇)သုံးခုစလုံးရှိတယ်။ အတွင်းဖြေ ကျောင်းသား ၂၃၈ ဦး၊ ကျောင်းသူ ၁၆၁ ဦး ပေါင်း ၃၉၉ ဦးပါ။ ပြင်ပဖြေဆို ကျောင်းသား ၂၁၀၊ ကျောင်းသူ ၁၁၈ ဦး၊ ပေါင်း ၃၉၈ ဦးနဲ့ ဒီကျောင်းမှာ ဖြေဆိုသူ ၇၉၇ ဦးရှိပါတယ်။ ကိုယ်ပိုင်ကျောင်း စိန်ကုံကော်ပွင့်က ၁၅ ဦး လာရောက်ဖြေဆိုပါတယ်။ ထူးထူးခြားခြား ဒီနှစ်မှာ စိတ်ကြိုက် မြန်မာစာ ဖြေဆိုသူမရှိပေမယ့် ပထဝီနဲ့သမိုင်း အတွဲ(၂)မှာ ပြင်ပဖြေ တစ်ဦးနဲ့ အတွင်းဖြေတစ်ဦးရှိပါတယ်။ ကလေးတွေ စိတ်အေးချမ်းသာစွာဖြေနိုင်အောင် တတ်နိုင်သမျှ စာမေးပွဲခန်းအတွင်းမှာ စောင့်ရှောက်ပေးနေပါတယ်။ ကျန်းမာရေးဌာနကလည်း တာဝန်ရှိသူ လေးဦးလာရောက် စောင့်ရှောက်ပေးနေတယ်။ အတွင်းစည်းလုံခြုံရေးအပြင် အပြင်စည်းလုံခြုံရေးကိုလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စောင့်ရှောက်ပေးနေပါတယ်"ဟု ရှင်းပြသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာတွဲ(၈)မျိုးဖြင့် စစ်ဆေးလျက်ရှိရာ အတွဲ(၃) ပထဝီ၊ သမိုင်း၊ စိတ်ကြိုက် မြန်မာစာနှင့် အတွဲ(၆) ဓာတု၊ ရူပ၊ စိတ်ကြိုက်မြန်မာစာတို့တွင် တစ်နိုင်ငံလုံး၌ ဖြေဆိုသူ မရှိသော်လည်း အတွဲ(၅) သမိုင်း၊ ဘောဂ၊ စိတ်ကြိုက် မြန်မာစာတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်မှ တစ်ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ တစ်ဦး စုစုပေါင်း နှစ်ဦးသာ ဖြေဆိုရန် စာရင်းပေးထားကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြသူ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်း လုံခြုံစွာဖြေဆိုနိုင်ကြရန် ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသားမိဘများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စာမေးပွဲရက် ကာလအတွင်း စားသောက်ဆိုင်များကို သတ်မှတ်အချိန်အတွင်းသာ ဖွင့်လှစ်ရောင်းချရန်၊ အသံချဲ့စက်များကို ကျယ်လောင်စွာ ဖွင့်ခြင်းမပြုရန် သက်ဆိုင်ရာ တာဝန်ရှိသူများက နှိုးဆော်ညွှန်ကြားထား၍ စာမေးပွဲကာလ ပထမနေ့တွင် ရန်ကုန်မြို့ခံကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းလုံခြုံစွာ ဖြေဆိုနိုင်ခဲ့ကြောင်း တွေ့ရသည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ယမန်နေ့ နံနက်ပိုင်းမှစ၍ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူစုစုပေါင်း ၆၃၂၃၁၁ စာရင်းပေးခဲ့သည့်အနက် ပြည်တွင်း၌ ၅၉၇၇၆၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ဝင်ရောက်ဖြေဆိုနိုင်ရန် နိုင်ငံခြားစာစစ်ဌာန ၂၁ ခုနှင့် ရန်ကုန်မြို့၌ ဆေးရုံစာစစ်ဌာန သုံးခုအပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ စာစစ်ဌာန ၁၃၇၆ ခု ဖွင့်လှစ်ပေးထားကြောင်း မြန်မာနိုင်ငံစာစစ်ဌာနမှ သိရသည်။

ပြည်ပရောက် ကျောင်းသားကျောင်းသူ ၁၀၂ ဦးကလည်း နိုင်ငံခြားစာဖြေဌာနများတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည်။

ခင်ချိုဝင်း

❑❑❑

တရုတ်-အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း တတိယနေရာရရှိ

ရန်ကုန် မတ် ၁၂

တရုတ်-အာဆီယံ ယူ-၁၅ ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယမန်နေ့က တရုတ်နိုင်ငံတွင်ကျင်းပခဲ့ရာ မြန်မာအသင်းက တတိယနေရာရရှိခဲ့သည်။

မြန်မာအသင်းမှာ တတိယနေရာလုပွဲတွင် အိမ်ရှင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ပြည့်စုံနိုင်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် မလေးရှားအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းမှာ အုပ်စုတွင်း တွေ့ဆုံစဉ်ကလည်း တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ပင် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲကို လေးသင်းပတ်လည်ကစားခဲ့ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် အောက်ဆုံးနှစ်သင်းမှာ တတိယနေရာလုပွဲကစားခဲ့ရခြင်း ဖြစ်သည်။

ဖိုးသော်ဇင်

မြန်အောင်တွင် ရွှေကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေးသင်တန်းဖွင့်လှစ်

မြန်အောင် မတ် ၁၂

၂၀၁၅ ခုနှစ် ရွှေကောက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ရွှေကောက်ပွဲ ဆိုင်ရာလုံခြုံရေး အသိပညာပေးသင်တန်းကို မတ် ၈ ရက်က မြို့နယ်ရဲတပ်ဖွဲ့စခန်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။ သင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးထွန်းဖေက ရွှေကောက်ပွဲကာလတွင် လုံခြုံရေး ဆိုင်ရာဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ရွှေကောက်ပွဲဆိုင်ရာ ဥပဒေများ၊ ရွှေကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ) ဥက္ကဋ္ဌဦးသန်းဆွေက မြို့နယ်/ရပ်/ကျေးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့(ခွဲ)တို့၏ ဖွဲ့စည်းပုံနှင့် တာဝန်များကို ရှင်းလင်းဆွေးနွေးကြသည်။ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့ဝင် ၆၀နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဝင်းဗိုလ်(မြန်/ဆက်)

ပြည်တွင်းရေးရာ

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှော်လင့်ထားသည်ထက် စိန်ခေါ်မှုများ များစွာကြုံတွေ့ရ

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာဖီဒယ် ရာမို့စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆွေတော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတတာဝန် ထမ်းဆောင်ခြင်းမပြုမီ ဖိလစ်ပိုင် တပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ ကာကွယ်ရေးဦးချုပ် တစ်ဦးအနေဖြင့် ဖိလစ်ပိုင်တပ်မတော်ကို ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်သည်တော်များနှင့် ပြည်သူလူထု၏ ချစ်ခင်မှုကို ရယူနိုင် ခဲ့ပါကြောင်း။

ထို့အပြင် အဆွေတော်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံရေး လောကထဲသို့ ရောက်ရှိပြီး နိုင်ငံတော် သမ္မတ တာဝန်ကို ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ် အထိ ခြောက်နှစ်ကြာ ထမ်းဆောင်ခဲ့ရာတွင် ယုံကြည်မှုပြန်လည်ရရှိရန်နှင့် ပြန်လည်ရှင်သန် နိုးထလာစေရန် တို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်ဟု လူအများက အသိအမှတ်ပြု လေးစားခြင်းခံခဲ့ရပါကြောင်း၊ အဆွေတော် သမ္မတတာဝန် ထမ်းဆောင်စဉ် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ပြုလုပ်ချမှတ်ခဲ့သော မူဝါဒများနှင့် အစီအစဉ်များကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ပြည်သူများ၏ ချစ်ခင်လေးစားမှု၊ ဒေသတွင်း နိုင်ငံများ၏ ချစ်ခင်လေးစားမှု၊ ကမ္ဘာ့အသိုက်အဝန်း၏ ချစ်ခင်လေးစားမှုများ ရရှိခဲ့သူတစ်ဦးလည်း ဖြစ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ဂုဏ်ယူလေးစားခဲ့ရပါကြောင်း။

ယနေ့မြန်မာနိုင်ငံကို ပါတီစုံ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှော်လင့်ထားသည်ထက် စိန်ခေါ်မှုများ များစွာကြုံတွေ့ရပါကြောင်း၊ ဤအခြေအနေနှင့် အချိန်အခါမျိုးတွင် အဆွေတော်လာရောက်မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ထားမှုကို ပိုမိုခိုင်မာစေပြီး ယုံကြည်မှု ရှိလာပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဖိလစ်ပိုင်သမ္မတ ဟောင်း မစ္စတာဖီဒယ်ရာမို့စ် က ပြောကြားရာတွင် ယနေ့မျက်မှောက်ကမ္ဘာ၏ နိုင်ငံရေး၊ စီးပွားရေး အနေအထားသည် ပြောင်းလဲနေသည်ဖြစ်၍ မိမိတို့ဒေသတွင်းနိုင်ငံများသည်လည်း စည်းစည်းလုံးလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သင့်ပါကြောင်း၊ ယခုအခါ နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ဖောက်ပြားခြင်းနှင့် အခြားသော အထွေထွေ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရသည့်ကာလ ဖြစ်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံသည် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နုနယ်သော ဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံဟု ဆိုနိုင်သော်လည်း မိမိတို့ ဖိလစ်ပိုင်နိုင်ငံသည်ပင်လျှင် မိမိတို့ကိုယ်မိမိတို့ နုနယ်သေးသော ဒီမိုကရေစီနိုင်ငံအဖြစ် ခံယူထားပါကြောင်း၊ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု ခံယူထားပါကြောင်း။

မိမိအနေဖြင့် အာဆီယံနှင့် အာရှ-ပစိဖိတ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေး၊ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ထွန်းကားရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သံတမန်ရေးလုပ်ငန်း သုံးရပ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Sustainable Development (စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ခြင်း) ရှိရန်သည် အရေးကြီးဆုံး အုပ်ငြိုးဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်များပြည့်ဝရေး၊ ပျော်ရွှင်ရေးနှင့် မျှော်လင့်ချက်များ ရှင်သန်ရေးသည် အရေးကြီးပါကြောင်း။

နိုင်ငံ တစ်နိုင်ငံအနေဖြင့် လွတ်မြောက်ရှင်သန်ရန်၊ ထိုးဖောက်ရန်နှင့် ရှေ့သို့ဆက်လက်ခုံတက်ရန်မှာ အလွန်ပင် အရေးကြီးပါကြောင်း၊ မိမိတို့၏လက်ဝယ်တွင်ရှိသော အကူအညီ သယံဇာတများကို အကောင်းဆုံးအခြေအနေရရန် မည်သို့စီမံဆောင်ရွက်ရမည် ဆိုသည်မှာလည်း အရေးပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အစိုးရ လွတ်တော်နှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုသည် အဓိကကျပါကြောင်း၊ အဆွေတော်၏ ကောင်းမွန်သည့် အကြံဉာဏ်များ ရရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတဟောင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Alex G. Chua လည်း တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်သည်တော် ဖိလစ်ပိုင် သမ္မတဟောင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် အခွန်စနစ်ကို ခိုင်ခိုင်မာမာထူထောင်ရန် လိုအပ်

နေပြည်တော် မတ် ၁၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မူသဘောအပါအဝင် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ဦးမောင်တိုး**က ၂၀၁၅ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအရ ပြည်ပချေးငွေ၊ ဘတ်ဂျက်လိုငွေနှင့် ကြွေးမြီနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးနှင့် ပတ်သက်၍ ဆွေးနွေးလိုကြောင်း၊ ယခုနှစ်ဘတ်ဂျက်တွင် ရငွေကို ငွေကျပ် ၁၇ ထရီလီယံဟု ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုငွေရာခိုင်နှုန်းသည် ၅ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ထိုသို့ လိုငွေဖြည့်ဆည်းနိုင်ရေးအတွက် ပြည်ပမှ ကျပ် ၁၃၇၈ ဘီလီယံနှင့် ပြည်တွင်းမှ ကျပ် ၃၈၂၇ ဘီလီယံ ချေးယူခဲ့ရပါကြောင်း၊ ထို့ကြောင့် နှစ်စဉ် ဘတ်ဂျက်ဥပဒေ၏ အရအသုံး ငွေစာရင်းများ တင်ပြရာတွင် ပြည်ပချေးငွေကို ရငွေတွင် ထည့်သွင်းဖော်ပြခြင်းမပြုဘဲ လိုငွေဖြည့်ဆည်းခြင်းတွင် ပြည်ပချေးငွေဖြင့် ဖြည့်ဆည်းခြင်းအဖြစ် ဖော်ပြပေးရန် လိုအပ်ပါကြောင်း။

၂၀၁၄ ခုနှစ် စက်တင်ဘာတွင် ပြုလုပ်ထားသော IMF ၏ ကြွေးမြီဆန်းစစ်ချက်အရ အခွန်ကင်းလွတ်ခွင့် ပေးခြင်းများနှင့် ဘတ်ဂျက်ပြင်ပ ငွေချေးခြင်းများကို လျှော့ချ ရန်လိုအပ်သည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

ဆိုင်ရာဥပဒေအရ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေကို ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်း တိုးထားသည်ဟု သိရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဦးကော်မြင့်ဖေက မိမိတို့သည် နိုင်ငံတော်၏ စီးပွားရေးကို တည်ဆောက်ရာတွင် macro-economy ကို ညီမျှစေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခွန်ရရှိမှုနှင့် GDP အချိုးတိုးတက်စေရန်၊ အခွန်အခြေခံချဲ့ထွင်ရန်၊ အခွန်ကင်းလွတ်ရန်နှင့် အခွန်လျှော့ပေါ့ရန်တို့ကို ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲသွားမည်ဟု သိရှိရပါကြောင်း၊ သို့သော် Tax GDP Ratio သည် တိုးတက်မှုနည်းပါးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် အခွန်စနစ်ကို ခိုင်ခိုင်မာမာထူထောင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့သည် ရေရှည်ဆောင်ရွက်နိုင်ရန် စဉ်းစားကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ရငွေနှင့် အသုံးစရိတ်များကို နှိုင်းယှဉ်လေ့လာကြည့်လျှင် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများတွင် ရရှိသည့်ဝင်ငွေသည် ကျပ်သန်းပေါင်း ၈၆၃၉၁၂၈ သန်းဖြစ်ပြီး သုံးငွေသည် ကျပ်သန်းပေါင်း ၁၂၀၇၈၆၈၉ ဖြစ်သည့်အတွက် လိုငွေသည် ပမာဏကြီးမားနေပါကြောင်း၊ အစိုးရ၏ အသုံးစရိတ်များကို လေ့လာကြည့်လျှင် ပြည်သူ့အသုံးစရိတ်၏ ၅၈ ရာခိုင်နှုန်းကို ဝန်ကြီးဌာနများ၏ ဦးစီးဌာနများအတွက် အသုံးပြုထားပြီး ၃၈ ရာခိုင်နှုန်းကို နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် အသုံးပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် အသုံးစရိတ်ကို နှိုင်းယှဉ်ကြည့်လျှင် ရငွေသည် ငွေကျပ်၇၅၇၃၇၁၉ ဖြစ်ပြီး အသုံးစရိတ်သည် ငွေကျပ် ၇၉၀၇၆၈၄ ဖြစ်သည့်အတွက် လိုငွေပမာဏများပြားနေပါကြောင်း၊ ထို့ကြောင့် အရှုံးပေါ်နေသော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို ဆုတ်ယုတ်စေပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြုပြင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၈၀၀၀၀ ကျော်ရှိ

မန္တလေး မတ် ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ဖြေဆိုခဲ့ကြပြီး ဖြေဆိုသူဦးရေ ၈၇၀၅၇ ဦးရှိကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်အတွက် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူ ကျောင်းသား ၃၈၄၈၉ ဦးနှင့် ကျောင်းသူ ၄၈၅၆၈ ဦးစုစုပေါင်း ၈၇၀၅၇ ဦးဝင်ရောက်ဖြေဆိုခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၃၉ ရှိသည်။ အဆိုပါစာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ် အလိုက်သတ်မှတ်ထားသည့် စာစစ်ဌာန ၁၆၁ ခုတွင် ဖြေဆိုခဲ့ကြသည့် အပြင် မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး စာဖြေဌာနတွင်လည်း ဆေးရုံတက်ရောက်ကုသနေသည့် ကျောင်းသားနှစ်ဦးဖြေဆိုခဲ့ကြသည်။

မင်းထက်အောင်(မန်းကိုယ်တိုး)

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုဓိဿဌာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အပြုသဘော ကုသိုလ်စိတ်ဖြင့်

ကျော်ကျော်

ပြောဆိုလှုပ်ရှား တွေးခေါ်ရေးသားကြသူ (တော်တော်များများ)က တိုင်းပြည်အတွက်၊ တိုင်းပြည်အနာဂတ်အတွက်၊ ဒီမိုကရေစီအတွက်၊ ဒီမိုကရေစီလူဘောင်အတွက်လို့ ပြောနေ၊ ရေးနေ၊ တွေးခေါ်လှုပ်ရှားလုပ်ဆောင်နေကြပါသည်။

သတိရှိကြစေချင်ပါသည်။ သတိရှိကြပါခင်ဗျာဟု ဤဆောင်းပါးဖြင့် တင်ပြအစီရင်ခံလိုပါသည်။

ဟုတ်တယ်၊ မှန်တယ်၊ တော်တယ်ဆိုတိုင်းလည်း ချက်ချင်းလုပ်မရတာ၊ ချက်ချင်းမဖြစ်သင့်တာ၊ ချက်ချင်းဖြစ်ရင် အနာဂတ်မှာ ရေရှည်ကိုက်ညီမှု မရှိတာ၊ အခြေခံမခိုင်မာတာ၊ ဒါလေးတွေ ထည့်သွင်းစဉ်းစားသင့်ပါသည်။

အဓိကက စိတ်ရှည်သင့်ကြပါသည်။

ကောင်းတာလုပ်တာ၊ အများအကျိုးလုပ်တာဆိုတိုင်းလဲ ရှုထောင့်စုံမမှန်နိုင်တာ၊ ရှုထောင့်စုံကကြည့်ဖို့လိုတာ၊ ဒါတွေကို စိတ်ရှည်ရှည်နဲ့ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အမှန်တရားမှာလဲ အမြဲမှန်၊ အချိန်ကာလအရမှန်၊ ဒေသအခြေအနေအရမှန် ဒီလိုရှိတတ်ပါတယ်။

ဗုဒ္ဓအလိုအရ အမှန်၊ လောကဓာတ်ပညာအရ အမှန်၊ အခြေအနေအချိန်အခါ၊ ကာလဒေသအပြောင်းအလဲအရ အမှန် ဒီလိုလဲရှိတတ်ပါသည်။

လောကသဘာဝ အမြဲထာဝရ အမှန်တစ်ခုမှာ၊ အရာရာအမြဲပြောင်းလဲနေခြင်းဖြစ်ပါသည်။ မပြောင်းလဲတာဆိုလို့ ပြောင်းလဲခြင်းတရားတစ်ခုပဲ ရှိတယ်ဆိုတဲ့ နိယာမစကားကိုလည်း သတိပြုသင့်ကြပါတယ်။

လောကမှာသတိပြုစရာတွေ အများကြီးပါ။ ဖျားနာနေတဲ့ရင်သွေးအဖျားပျောက်အောင် ဆေးခါးကြီးကို ချိုချိုလေးပြောပြီး ဆေးတိုက်တိုင်း အဲ့ဒီမိခင် မုသာဝါဒကံမထိုက်ပါ။

အိုးကိုရိုက်ပုတ်တိုင်း အိုးထိန်းသည်ကို အပြစ်မဆိုရပါ။ အိုးကိုကွဲစိမ့်သောငှာ အိုးထိန်းသည်သည် အိုးကိုးမရိုက်ပုတ်၊ အိုးကောင်း၏ အရည်အသွေးပြည်ဝစိမ့်သောငှာ ရိုက်ပုတ်၏ဆိုတဲ့ မြန်မာဆိုရိုးလေးကို သတိပြုရန် လိုပါမည်။

မြန်မာဆိုရိုးဆိုလို့ သတိပြုစရာ တင်ပြလိုက်ပါသည်။ ကမ္ဘာနဲ့အဝှမ်း ဆက်စပ်ပြီးကံသုံးပါးအမှု (ပြု၊ ပြော၊ ကြံစည်)နေကြတာမို့ ကမ္ဘာနဲ့အဝှမ်း International တို့၊ Global တို့ကိုလည်း မပစ်ပယ်ကောင်းသလို မြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံသားတွေဖြစ်တာမို့ မြန်မာမှုနယ်ပယ်ဆိုတာကိုလည်း လျစ်လျူမရှုကောင်းပါ။

ဖြစ်စဉ်ဖြစ်ရပ်လိုအပ်ချက် ဝါဒသဘောထားတိုင်းဟာ ဗုဒ္ဓတရားတော်အရ အဆိုးအကောင်း အကျိုးအပြစ် ဒွန်တွဲနေတာကိုလည်း သတိပြုရပါမယ်။

အရိုးဆုံး ဥပမာတစ်ခုပါ။ အကိုက်အခဲပျောက်ဆေးဟာ အကိုက်အခဲကို ပျောက်စေသလို နှလုံးတုန်၊ အစာအိမ်ထိခြင်းကိုလည်း ဖြစ်စေပါတယ်။

အခုမှန်နေတဲ့အရာဟာ ကာလတစ်ခုမှာ ပြောင်းလဲသွားနိုင်ပါတယ်။

ရိုးရာအစဉ်အလာထိန်းပြီး ရက်ကန်းစင်ကချည်ထည်ကို ဝတ်သင့်ပါတယ်။ သို့သော် ကျန်းမာရေး အထောက်အကူပြုတဲ့ ခေတ်မီခေတ်ဆန်တဲ့ အဝတ်ကို လုံးဝမသုံးတော့ဘူးဆိုရင်လည်း အစွန်းရောက်နေမှာပါ။

အစဉ်အလာဆိုတဲ့ စကားပါလာတာမို့ အစဉ်အလာအကြောင်းလည်း သတိပြုစေလိုပါတယ်။ အစဉ်အလာဆိုတာ မဖျက်ကောင်း၊ မဖျက်ကောင်း ဆိုတဲ့စကားရှိပါတယ်။ အစဉ်အလာကို ထိန်းရမယ်ဆိုတဲ့ စကားရှိပါတယ်။ ဖြည့်စွက်လိုတာက ကောင်းသောအစဉ်အလာကို ထိန်းရမယ်လို့ ပြည့်စုံအောင် ပြောလိုပါတယ်။ မကောင်းသောအစဉ်အလာကို မကျင့်သုံးရဘူး။ ပယ်ဖျက်ရမယ်လို့လည်း သက်ရောက်ပါတယ်။

မောင်နဲ့နှမ၊ သားနဲ့အမိ အမြင်တင့်၊ ဘဝင်တင့်တဲ့ သပြေခက်၊ ပိတောက်ခက်နဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသဘင်ပွဲရဲ့ အစဉ်အလာကို ထိန်းရပါမယ်။ သူတစ်ပါး ထိခိုက်နစ်နာ၊ နာကျင်စေမယ့် မည်သည့် ပြု၊ ပြော၊ ကြံစည်မှုတွေမဆိုကိုတော့ အစဉ်အလာဖျက်ပစ်ရပါမယ်။ ဖျက်ရဲရပါမယ်။

အစဉ်အလာဆိုရာမှာ မကောင်းသော အစဉ်အလာကို အမွေမပေးမိဖို့လည်း လိုအပ်ပါတယ်။

အမ်မူရာဘီရဲ့ An Eyes For an Eyes ကို မှန်တယ်လို့ယူဆတဲ့ အချိန်ကာလတစ်ခုရှိခဲ့ပါတယ်။ "မျက်လုံး မျက်လုံးချင်း၊ အသက် အသက်ချင်းဆိုရင် သနားကြင်နာခြင်းနဲ့ ချစ်ခြင်းမေတ္တာတရားတွေ၊ လူသားမျိုးနွယ်စုတွေ ကွယ်ပျောက်သွားတော့မှာပေါ့"ဟူသော မဟတ္တမ္မဂန္ဓိရဲ့ စကားဟာလည်း အချိန်ကာလပြောင်းလဲမှုအပေါ် လူသားစိတ်ဓာတ် အမှန်တရားဖြစ်လာပါတယ်။

ဆိုချင်တာက မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားဆုံးမတော်မူသော ပဋိစ္စသမုပ္ပါတ်တရားတော်၊ ကမ္မဖလဝါဒ တရားတော်၊ သစ္စာလေးပါး တရားတော် ကလွဲရင် မှန်တယ်ဆိုတဲ့အယူအဆအတွေးအခေါ်တွေဟာ အချိန်ကာလ၊ ဒေသ၊ ဖြစ်စဉ်ဖြစ်ရပ်တွေပေါ်တည်မှီပြီး ပြောင်းလဲတတ်ပါတယ်။ ဒီနိယာမအမှန်ကို သတိလက်ကိုင်ပြုပြီး လက်ရှိပစ္စက္ခလူ့လောကမှာ၊ လူဘဝဖြစ်စဉ်ကြီးထဲမှာ ဆန္ဒတွေမစော၊ စိတ်တွေမလောကြဘဲ ဖြစ်ချင်တာတွေဖြစ်သင့်ရဲ့လား၊ ဖြစ်သင့်တာတွေ အချိန်ကျပြီလား၊ အချိန်ကျသည့်တိုင် လိုအပ်တဲ့ Charcteristic တွေ ပြည့်စုံပြီလား ဆန်းစစ်နိုင်ကြဖို့ပါ။

စိတ်ရှည်သည်းခံနိုင်ကြဖို့ပါ။

နီးရင်မြင်နိုင်ပြီး ဝေးရင်မမြင်နိုင်ပါ။ ယေဘုယျသဘာဝအမှန်စကားလေးပါ။

သို့သော် ခြွင်းချက်ဆိုတာ လောကမှာရှိစမြဲပါ။

လက်ဝါးကို မျက်စိနဲ့ကပ်ထားပြီး ကြည့်ကြည့်ပါ။ လက်ဝါးကို မမြင်ရတော့ပါ။ လက်ဝါးကို မျက်စိနဲ့သင့်ရုံအကွာအဝေးခွာလိုက်ပါ။ ဝေးလိုက်ပါ။ မြင်ရပါလိမ့်မယ်။ ဒါခြွင်းချက်ပါပဲ (ဝေးမှ မြင်လိုက်ရတာပါ။)။

Panorama ဆိုတဲ့ အံ့မခန်းရှုခင်းကြီးမှာပါဝင်တဲ့ ကျောက်တုံးလေးကို အနီးကပ်ကြည့်ရင် Panorama ကြီးကို မမြင်ရတော့ပါ။ ခွာလိုက်မှ၊ ဝေးလိုက်မှ အပေါ်စီးတစ်နေရာ၊ အမြင့်အဝေးတစ်နေရာကို ရွှေ့လိုက်မှ Panorama ကို မြင်နိုင်ပါတယ်။ ဝေးမှမြင်ရတာပါ။

ယေဘုယျနိယာမတိုင်းမှာ ခြွင်းချက်များရှိတာကို အဂတိတရားလေးပါးကင်းပြီး ပြုပြောကြံကြဖို့ပါ။

Generation ဆိုသော မျိုးဆက်တိုင်း မျိုးဆက်တိုင်းသည် အနာဂတ်မျိုးဆက်များအတွက် အကောင်းဖြစ်သော အကျိုးကျေးဇူးဖြစ်သော ရလဒ်များအတွက်တာဝန်ရှိ။ ယခုမျက်မှောက် ခံစားနေကြရသော အကျိုးရလဒ်အားလုံး အတိတ် Generation ကြောင့်ပါ။ ယခု Generation များ အနာဂတ် Generation အတွက် အပြုသဘောဆောင်ရွက်ကြ

ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ၊ အဂတိတရားလေးပါးကို အကျယ်ချဲ့ပြရန်မလိုဟု ယုံကြည်ပါတယ်။

နီးလွန်းလျှင် မမြင်ဟူသော အယူအဆသဘောသဘာဝများရှိပါလျက် အဂတိတရား တစ်ခုခုကြောင့် မမြင်ချင်လျှင်မမြင်၊ မြင်ချင်လျှင်မြင် ဖြစ်တတ်ပါတယ်။

"ရောမမြို့ကြီးကို တစ်နေ့တည်း တည်ဆောက်ခဲ့ခြင်းမဟုတ်ပါ"။

"မိုင် ၁၀၀၀ ခရီးကို ပထမဆုံးခြေတစ်လှမ်းမှ စတင်ပါသည်။"

သတိပြုဖွယ်ရာ ဆိုရိုးများဖြစ်ပါသည်။

နီးလျက် မမြင်မှာစိုးပါတယ်။

၄-၁၀-၂၀၁၄ နေ့ထုတ် ကြေးမုံသတင်းစာပါ သမိန်ဗြတ်ဇ၏ "ဆွစ်ကျေးလက်တစ်နေရာ လယ်တောခြံလေးမှအပြန်" ခရီးဆောင်းပါးတွင်-

"၁၇၉၈ ခုနှစ်တွင် ပြင်သစ်ကျူးကျော်မှု ပေါ်ပေါက်ခဲ့ရာမှ ဆွစ်ဇာလန်နိုင်ငံရေးစနစ် အပြောင်းအလဲဖြစ်ပေါ်ခဲ့ရသည်။ ၁၈၄၈ ခုနှစ်တွင် ဖက်ဒရယ်စနစ်ကိုအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာခဲ့ပြီး ယနေ့ခေတ် ဆွစ်ဇာလန်နိုင်ငံအဖြစ် စတင်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

"ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်စနစ်မှာ နေ့ချင်းညချင်းပေါ်ပေါက်ခဲ့ခြင်း မျိုးမဟုတ်ဘဲ နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရခြင်းဖြစ်သည်ကို ကောင်းစွာသဘောပေါက်နားလည်ခဲ့ရပေသည်။ စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် နောက်ထပ်ခြေလှမ်းများစွာ လှမ်းနိုင်မည့် ကြံတွေ့လာရသော စိန်ခေါ်မှုများကို လက်ချင်းတွဲ ကျောချင်းကပ်ပြီး ရင်ဆိုင်ကျော်လွှားရဦးမည့် သဘောကို. . ."

ဤစာပိုဒ်များ ပြုစုခဲ့သော ဆောင်းပါးရှင် သမိန်ဗြတ်ဇကို ကျေးဇူးတင်မိပါသည်။

ဤစာပိုဒ်ပါ အဓိပ္ပာယ်များကို တိုင်းပြည်နှင့်လူမျိုးအတွက်၊ နိုင်ငံတော်အတွက်ဟု ခံယူလုပ်ကိုင်ပြောဆိုကြံစည်နေကြသူအားလုံး နက်နက်နဲနဲ တွေးခေါ် စဉ်းစားသုံးသပ်ကျင့်သုံးကြစေလိုပါသည်။

Generation ဆိုသော မျိုးဆက်တိုင်း မျိုးဆက်တိုင်းသည် အနာဂတ်မျိုးဆက်များအတွက် အကောင်းဖြစ်သော အကျိုးကျေးဇူးဖြစ်သော ရလဒ်များအတွက် တာဝန်ရှိပါသည်။

ယခုမျက်မှောက်ခံစားနေကြရသော အကျိုးရလဒ်အားလုံး အတိတ် Generation ကြောင့်ပါ။ ယခု Generation များ အနာဂတ် Generation အတွက် အပြုသဘောဆောင်ရွက်ကြရပါမည်။

ဤတွင် စကားတစ်ခွန်း သတိပြုစေလိုပါသည်။

အရင်ကောင်းမှ အခုကောင်းပါမည်။

ယခုကောင်းတာ အရင်ကောင်းလို့ဖြစ်ပါသည်။

ယခုမကောင်းတာ အရင်မကောင်းခဲ့လို့ဖြစ်ပါသည်။

သို့ဆိုလျှင် ယခုကောင်းရန်၊ ယခင်ကကောင်းရန်လိုပါသည်။

အလားတူပင် -

ယခုကောင်းမှ နောင်ကောင်းပါမည်။

ယခုမကောင်းလျှင် နောင်မကောင်းပါလိမ့်မည်။

ဤသို့ဆိုလျှင် ယခုကောင်းရန်လိုပါသည်။

ယခုမကောင်းလျှင် နောင်မကောင်းဖြစ်ပါလိမ့်မည်။

တရားစာသဘောအရ ရေးပြခြင်းဖြစ်ပါသည်။ မကောင်း၊ အဟောင်း ဝေါဟာရများတွင် အခြေအနေအချိန်အခါအရ ချို့ယွင်းချက်၊ အမှားလုပ်ဆောင်မှု အားနည်းချက်ဟု အဓိပ္ပာယ်ယူရပါမည်။

မည်သည့် Generation မှ အနာဂတ် Generation အတွက် အမှားများ၊ အဆိုးများ၊ အပြစ်များ၊ သောကဝေဒနာများ၊ ဆိုးရွားနစ်နာမှုများ ဖြစ်ကြစေဟု ရည်ရွယ်လုပ်ဆောင်ခဲ့ကြခြင်းမရှိပါ။

ဆောင်းပါးအစတွင် တင်ပြခဲ့သလို ဤလောကသည် အဆိုးအကောင်း ဒွန်တွဲလောကဖြစ်ပါသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော မျိုးဆက်ကြောင့် ယခုမျိုးဆက်သည် လွတ်လပ်သော နိုင်ငံသားအဖြစ်အကျိုးကို ရရှိပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်းသောင်းကျန်းမှုကြောင့် ယခုမျိုးဆက်များ ပြည်တွင်းသောင်းကျန်းမှု၏ အကျိုးဆက်ဖြစ်သော ရပ်ရွာမအေးချမ်း၊ မသာယာ၊ မဖွံ့ဖြိုးခြင်းအဆိုးကို ခံရပါသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်သူများအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုအဆိုးကို တမင်ဖန်တီးခဲ့ကြခြင်းမဟုတ်ပါ။ (ငြိမ်းချမ်းရေးတည်ဆောက်စဉ်ကာလ လောက်ကိုင်ဖြစ်စဉ်မျိုး၊ အကောင်းကိုသာ ပြုပြောကြံစည်သူမှန်ကဘယ်သူမှ မဖြစ်ကြစေလိုပါ။)

ပုထုဇဉ်လူသားတို့၏ လောကတံထွာ အစဉ်အလာသဘောသာ ဖြစ်ပါသည်။ မျိုးဆက်တိုင်းသည် ဆိုးမွေကောင်းမွေကို ခံယူကြရပါသည်။ အနာဂတ်မျိုးဆက်ကောင်းမွန်ဖို့အတွက်တော့ လက်ရှိမျိုးဆက်၏ မေတ္တာစေတနာ၊ အကြင်နာတရားများ သတိရှိကြဖို့လိုပါသည်။

အမိနိုင်ငံကို၊ အမိတိုင်းပြည်ကို ချစ်ခြင်းသည် အနာဂတ်မျိုးဆက်သစ်ကို ချစ်ခြင်းမည်ပါသည်။ အမိနိုင်ငံ၊ အမိတိုင်းပြည်ကိုချစ်၍ ယနေ့ ယခုပစ္စက္ခကာလတွင် ပြုပြောကြံကြသူများအားလုံး ယောနိသော မနသီကာရ ဖြစ်ကြဖို့တော့ သတိပြုစေလိုပါသည်။

အပြုသဘော ကုသိုလ်စိတ်ဖြင့် မှန်ကန်စွာ နှလုံးသွင်းဆင်ခြင်ခြင်းဖြစ်ပါသည်။

ဆောင်းပါးရှင်၏ အဆိုမဟုတ်ပါ။ အတုမရှိ အနှိုင်းမဲ့ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဘုရားသခင်၏ အဆုံးအမဖြစ်ပါသည်။

ဗုဒ္ဓအဆုံးအမများတွင် မိမိကြောင့် သူတစ်ပါး ကိုယ်စိတ်နှစ်ပါး မထိခိုက်စေရပါ။

ကိုယ်ပြုပြောကြံသမျှ အမိနိုင်ငံနှင့် အနာဂတ်မျိုးဆက်အတွက် ကိုယ်စိတ်နှစ်ပါး မထိခိုက်စေသင့်ပါ။

တိုင်းပြည်နှင့်လူမျိုးအတွက်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက်၊ ဒီမိုကရေစီအတွက်၊ ပညာရေးပြုပြင်ပြောင်းလဲရေးအတွက်ဟု ပြောပြုကြံဆလှုပ်ရှားနေကြသူများအားလုံး ယောနိသောမနသီကာရ နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် အမိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကမ္ဘာတည်သရွေ့ ခိုင်မြဲစေသင့်ပါကြောင်း သတိယှဉ်၍ ပြုကြ၊ ပြောကြ၊ ကြံစည်ကြ လှုပ်ရှားလုပ်ဆောင်သင့်ကြပါကြောင်း ဉာဏ်မိသမျှ ရေးသားတင်ပြအပ်ပါသည်။ ။

လွတ်တော်သတင်းရပ်

ပြည်သူ့လွှတ်တော်အစည်းအဝေး

သံလွင်မြစ်ပေါ်မှစီမံကိန်းများအတွက် ဖြစ်ပေါ်လာမည့်သက်ရောက်မှုများကိုလေ့လာပြီး ဆောင်ရွက်နိုင်ရန်စီစဉ်ထား

နေပြည်တော် မတ် ၁၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **တရားသူကြီး၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုမရှိပါက မည်သို့အရေးယူဆောင်ရွက်သည်နှင့် ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးမည်မျှရှိကြောင်းနှင့် မည်သည့် မြို့နယ်များတွင် အရေးယူထားကြောင်းသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင်က တရားသူကြီးများသည် အမှုများကို စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း ပြုလုပ်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ကောက်ယူရာတွင် မှားယွင်းခြင်း၊ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုမရှိခြင်းအတွက် ကျူးလွန်ခဲ့သည့် ကိစ္စအတိမ်အနက်အပေါ်မူတည်၍ ပြစ်မှုကြောင်းအရတရားစွဲဆိုခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ -၅၃ တွင်ပြဋ္ဌာန်းထားသည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ (၉)မျိုးအနက် သင့်လျော်သည့်ပြစ်ဒဏ်ချမှတ်ခြင်းတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် လျော်နှင့်ဆက်နွယ်သော သဘာဝ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း

ဘေးအန္တရာယ်ကျရောက်နိုင်မှုနှင့်ပတ်သက်၍ လုံလောက်သောလေ့လာပြင်ဆင်မှုများပြုလုပ်ရန်၊ ပြည်သူများနှင့်ပညာရှင်များလက်ခံနိုင်အောင် ဆွေးနွေးညှိနှိုင်းချက်များပြုလုပ်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက သံလွင်မြစ်ပေါ်မှ စီမံကိန်းများအတွက် ဘက်စုံလေ့လာရေးအစီအမံပြုလုပ်၍ တမံအဆင့်ဆင့်ကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို လေ့လာပြီးဆောင်ရွက်နိုင်ရန်စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိကြသေးသည့် ပြည်သူ ၆၇ ရာခိုင်နှုန်းခန့်အား ဆောလျင်စွာဓာတ်အားရရှိစေရေး၊ လူတစ်ဦးချင်းစီ၏ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ (၁၉၀) ခန့်သာသုံးစွဲနိုင်သေးသည့် အရှေ့တောင်အာရှနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်နေသည့် အခြေအနေမှ လွတ်မြောက်စေရေးနှင့် ဓာတ်အားခသက်သာပြီး ပြည်တွင်းမှလည်း ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်ကိုသာ အခြေခံထုတ်လုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို တင်ပြခဲ့သည့် အစီအမံများအတိုင်း အန္တရာယ်ကင်းရှင်းစေရေးအစီအမံများဖြင့် ဆောင်ရွက်မှုများကို ပြီးစီးသည့် အခြေအနေအလိုက်သင့်လျော်သည့် နည်းလမ်းများဖြင့် ပြည်သူများအား အသိပေးတင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့နောက် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရ ဦးအောင်ကိုက **နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် မြန်မာ့ထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်ကို မြန်မာနိုင်ငံသားများ၏ စီမံခန့်ခွဲမှုအောက်တွင်ထားရှိနိုင်ရေးစီမံဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း**အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာ့လေကြောင်းလိုင်းများ ထိရောက်စွာယှဉ်ပြိုင်နိုင်ရေးနှင့် သက်သာစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အားပေးလျက်ရှိ

နေပြည်တော် မတ် ၁၂

Myanmar Aviation Policy တစ်ရပ်ကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မူကြမ်းရေးဆွဲပြီးသည့် အဆင့်ကို ရောက်ရှိလျက်ရှိပြီး မကြာမီကာလအတွင်း လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်ရှိ သက်ဆိုင်သူအားလုံး (Stakeholder) ထံမှာက် ရှင်းလင်းတင်ပြကာ အကြံဉာဏ်များ ရယူသွားရန်ရှိကြောင်း သိရသည်။

မြန်မာ့လေကြောင်းလိုင်းများအနေဖြင့် အခြားနိုင်ငံများမှ လေကြောင်းလိုင်းများကို ထိရောက်စွာ ယှဉ်ပြိုင်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုစရိတ် သက်သာစွာဖြင့် ပျံသန်းဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် မိမိတို့အချင်းချင်းဖြစ်စေ၊ ခိုင်မာအောင်မြင်မှု ရှိပြီးဖြစ်သော နိုင်ငံခြားလေကြောင်းလိုင်းများနှင့် ဖြစ်စေ ပူးပေါင်းဆောင်ရွက်ကြရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့က တိုက်တွန်းအားပေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်

လျက်ရှိပါကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဇင်ယော်က လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်တင်၏ မေးမြန်းချက်အား ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင်က ASEAN Open Sky Policy ဖြစ်လာသည့်အခါတွင် အခြားနိုင်ငံများမှ လေကြောင်းလိုင်းများကို ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများအနေဖြင့် ပူးပေါင်း(Merger) လုပ်ကြစေရန်၊ တိုက်တွန်းသွားရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပူးပေါင်းဆောင်ရွက်မှုများကို အခွင့်အလမ်း ဖွင့်လှစ်ပေးသည့်အနေဖြင့် အခြားနိုင်ငံများနှင့် လေကြောင်းသဘောတူစာချုပ်များ ချုပ်ဆိုရာတွင် လေကြောင်းလိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းချုပ်ဆိုလျက်ရှိပါကြောင်း၊ ပျံသန်းမှုအစီအစဉ်များ ပူးပေါင်းနိုင်ရန် သာမက လုပ်ငန်းဖွဲ့စည်းတည်ထောင်မှုကိုပါ ပူးပေါင်းဆောင်ရွက်နိုင်ရန် လေကြောင်းလိုင်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းဖြင့် ဖက်စပ်လုပ်ငန်း တည်ထောင်ခွင့်ကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံသည့်နေရာတွင် လေကြောင်းလိုင်း လုပ်ငန်း၏ သဘောသဘာဝအရ အများစုပိုင်ဆိုင်မှုသည် နိုင်ငံတော်နှင့် နိုင်ငံသားများ လက်ဝယ်တွင်ရှိပါက ပိုမိုလျော်ကန်သင့်မြတ်သည့် အလျောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၄၉ ရာခိုင်နှုန်းအထိသာ ခွင့်ပြုထားခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်က တစ်ဆက်တည်းမေးမြန်းသည့် လေကြောင်းလိုင်းတစ်ခုနှင့် တစ်ခုအပြိုင်အဆိုင် လစာနှင့်စရိတ်

မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင်

များ တိုးမြှင့်ပေးပြီး ခေါ်ယူခြင်းမပြုစေရန် သက်ဆိုင်ရာမှ တိုက်တွန်းဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းအပေါ်တွင် ဒုတိယဝန်ကြီးက နိုင်ငံအများစုနှင့် လုပ်ငန်းအဖွဲ့အစည်းအများစုတွင် ကြုံတွေ့ရလျက်ရှိပြီး တရားဝင်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ကိုင်တွယ်ရန် ခက်ခဲသော ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ လေကြောင်းအာဏာပိုင်များအနေဖြင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်ကျင့်သုံးလျက်ရှိသော စီးပွားရေးဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က အတည်ပြုထားသော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းတည်ထောင်လည်ပတ်ရေးကို သာကြီးကြပ်ခြင်းပြုနိုင်ပါကြောင်း။

ကျွမ်းကျင်ဝန်ထမ်းများအား အပြိုင်အဆိုင်ခေါ်ယူသည့် ကိစ္စရပ်များသည် လုပ်ငန်းအဖွဲ့အစည်းအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား အပြန်အလှန် စောင့်စည်းအပ်သည့် ကျင့်ဝတ်များနှင့်သာအဓိကသက်ဆိုင်ပြီး သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲခွင့်အတွင်းကျရောက်သော ကိစ္စရပ်များဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့တွင် မေးခွန်းမေးမြန်းခြင်းနှင့် ဥပဒေကြမ်းများ အတည်ပြုခြင်းအပြင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည် သူ့ကို ယ် စား လှ ယ် များ နှ င့် အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ် Video ကို ထုတ်လွှင့်ပြသခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ဝေးမြို့၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အေးချမ်းစွာဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၂

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့၌ ၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒုတိယနေ့(ယနေ့)တွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

"ကျွန်မတို့ကရန်အောင်မြင်ကျေးရွာကလာပြီး သမီးလေးဆယ်တန်းဖြေတာကြိုဖို့စောင့်နေတာပါ။ မနေ့က မြန်မာစာဖြေနိုင်တယ်ဆိုလို့ ဝမ်းသာပါတယ်၊ မိဘတွေအနေနဲ့သားသမီးတွေဆယ်တန်းအောင်တယ်ဆိုရင်ပဲ ပင်ပန်းရကျိုးနပ်တာပေါ့"ဟု ကျောင်းသူတစ်ဦး၏ မိခင်ဒေါ်မမကြီးကပြောသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် လယ်ဝေးမြို့နယ်၌တက္ကသိုလ်ဝင်တန်းဖြေဆိုသည့် စာစစ်ဌာနများမှ အထက(၁)၊ အထက(၁)တိုးချဲ့၊ အထက(၂)၊ မြို့မ၊ သစ်ပုတ်ပင်၊ အေလာ၊ သာဝတ္ထိ၊ သပြေပင်၊ အထက(၄)နယထဟူသည့်စာစစ်ဌာနကိုးခုတွင် တစ်မြို့နယ်လုံး ကျောင်းသား ကျောင်းသူစာရင်းရှိ ၄၁၆၈ ဦးရှိပြီး ဖြေဆိုသူ ၃၉၄၆ ဦးရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျေးလက်ဒေသပို့ပြိုးရေးဆောင်ရွက်

သန်လျင် မတ် ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှင့် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော သန်လျင်မြို့နယ် ကုလားဝဲကျေးရွာတွင် ၄"စက်ရေတွင်း၊ ဂါလန်(၅၀၀၀)ဆံ့ အုတ်ရေကန်နှင့်ရေစက်ခုံဆောက်လုပ်ခြင်းသနပ်ပင်ကျေးရွာ - အုတ်ဖိုစု ဆက်လမ်း(၂/၁မိုင်)ကွန်ကရစ်ခင်းခြင်းတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့တို့မှ မတ် ၈ ရက်က သွားရောက် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်းသိရသည်။

(ကျေးလက်ဦးစီး)

လားရှိုးမြို့၌ မိုးပွင့်(အထူး)စီမံချက် လှုံ့ဆော်ရေးပို့စတာစိုက်ထူ

လားရှိုး မတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန္တလေး-မူဆယ်ပြည်ထောင်စုလမ်း ရန်တိုင်းအောင် ဘုရားအနီး၌ မိုးပွင့်(အထူး)စီမံချက် လှုံ့ဆော်ရေး ပို့စတာ ဆိုင်းဘုတ်စိုက်ထူသည့် အခမ်းအနားအား မတ် ၁၂ ရက် နံနက်က ကျင်းပရာ မိုးပွင့်(အထူး)စီမံချက် လှုံ့ဆော်ရေး ပို့စတာဆိုင်းဘုတ်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဒုတိယပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိန်အုပ်က စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း အလားတူ သိန်းနှိ၊ ကွတ်ခိုင်၊ မူဆယ်၊ သီဝေါ၊ ကျောက်မဲ၊ နောင်ချို၊ ပိုင်းရယ်နှင့် တန့်ယန်းမြို့များတို့တွင်လည်း မိုးပွင့်(အထူး)စီမံချက် လှုံ့ဆော်ရေးဆိုင်းဘုတ်များအား မတ်လပထမပတ်အတွင်း စိုက်ထူပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

အခြေခံကျန်းမာရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မတ် ၁၂

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဖီဒယ် ဗီ ရာမို့စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ဖီဒယ် ဗီ ရာမို့စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E.Alex G.Chua လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ အခြေခံကျန်းမာရေး လုပ်ငန်းများနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ် ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၁၂

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ် ဥယင်သီဇွမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့်၌ ဗီယက်နမ် HAGL ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ညနေ ၅ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကာ အလှူငွေများ လှူဒါန်း၍ ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ညပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

mitv
MYANMAR INTERNATIONAL
Programme in Brief
(13-3-2015) (Friday)

-Lisu: Their Life and Customs (Part- II)
-The Iron Rider
-Size Does Matter (Ep-5) Human-Elephant Conflict, “Habitat Loss”
-MONASTERY (Bargayar Kyaung)
-[Doctor] [Painter]
-Mon Traditional Wedding
-Enchanting Rakhine Land
-Fortune Teller: “Yan Moe Aung”
-A visit to Htam Hsan Cave A Miraculous Place
-Indian Footsteps
-Visiting A Serene Village In The Northwest Of Myanmar
-Today Myanmar “E-Bike Rental Business”
-Sons of the lake
-Chinlone & The Dreams of the players
-A Way of Life: Karate-do
-Kyauk Gu Umin Cave Gu Pha Ya
-Kid’s Home
-Size Does Matter “Preventing Wild Elephants Intrusion”
-A Tourist Destination Of Shan State
-Cosplayer
-Five Treasures in the Ancient City Of Mrauk U
-Art Students: Sculpture

ပထမဆုံးသော ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အိန္ဒိယနိုင်ငံ၌ ဆင်းသက်

နေပြည်တော် မတ် ၁၂

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လောင်စာအသုံးပြုကာ ခရီးဝေးပျံသန်းမှုများကို သရုပ်ဖော်ပြသရန် ကီလိုမီတာ ၃၅၀၀၀(မိုင် ၂၂၀၀၀)ကွာဝေးသည့် ဒုတိယမြောက်ခရီးစဉ်အဖြစ် ပျံသန်းနေသော ပထမဆုံးသော ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ပြီးခဲ့သည့် မတ် ၁၁ ရက်က အိန္ဒိယနိုင်ငံ၌ ဆင်းသက်ခဲ့သည်။ အဆိုပါ Solar Impulse-2 လေယာဉ်သည် အိုမန်နိုင်ငံ မတ်စကပ်မြို့တော်မှ အာရေဗျပင်လယ်ကိုဖြတ်ကျော်ကာ ၁၅ နာရီနီးပါး ပျံသန်းမောင်းနှင်ပြီးနောက် အိန္ဒိယနိုင်ငံအနောက်ပိုင်း မြို့တော်အမက်ဒါဘတ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

“ဒီလို တစ်စင်းထဲသော နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်မှာ ပျံသန်းမောင်းနှင်ရတာ အထူးအခွင့်အရေးတစ်ခုပါ”ဟု လေယာဉ်မှူး ဘတ်ထရန်ပက်ကဒ်က လေယာဉ်ဆင်းသက်ပြီးနောက် သတင်းထောက်များကို ပြောကြားသည်။ တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှင့် ၁၀၀ ကြား (တစ်နာရီမိုင် ၃၀ မှ မိုင် ၆၀)နှုန်းဖြင့် ၂၅ ရက်ကြာနီးပါး ကမ္ဘာတစ်ပတ် ပျံသန်းနေသော ယင်းဆိုလာလေယာဉ်သည် အာရပ် စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တော်မှ မတ် ၉ ရက်တွင် ခရီးစတင်ထွက်ခွာလာခဲ့ပြီး လေယာဉ်မှူး ပက်ကဒ်



နှင့်အတူ တွဖက်လေယာဉ်မှူး အန်ဒရီဘော့ချိဘတ်ဂ်က တစ်ယောက်တစ်လှည့်စီ ထိန်းချုပ်မောင်းနှင်လျက်ရှိသည်။ Solar Impulse-2 လေယာဉ် နောက်ထပ်ရပ်နားမည့်နေရာမှာ အိန္ဒိယဝန်ကြီးချုပ် မစ္စတာမိုဒီ၏ မဲဆန္ဒနယ်မြေဖြစ်သည့် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဗာရာဏသီမြို့တော်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ထွက်ခွာပြီးနောက် Solar Impulse-2 လေယာဉ်သည် ပစိဖိတ်သမုဒ္ဒရာ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတောင်ပိုင်းကို မဖြတ်သန်းမီ မြန်မာနိုင်ငံ မန္တလေးမြို့နှင့် တရုတ်နိုင်ငံတွင် ခရီးတစ်ထောက်ရပ်နားမည်ဖြစ်ပြီး ဇူလိုင်လနှောင်းပိုင်းတွင် အဘူဒါဘီမြို့တော်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ Solar Impulse-2 လေယာဉ်သည် မြန်မာနိုင်ငံ၌ သမိုင်းဝင်ဆင်းသက်မှုအဖြစ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မတ် ၁၇ ရက် (အင်္ဂါနေ့)ည နေ ၅ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ယင်းနေ့ည နေ ၅ နာရီခွဲမှ ၆ နာရီထိ သတင်းထောက်များ ရောက်ရှိကြောင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး ၆ နာရီမှ ၆ နာရီခွဲအထိ ဆိုလာလေယာဉ်ကို လှည့်လည်ကြည့်ရှုရမည်ဖြစ်ကာ ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိ ကျင်းပမည့် သတင်းစာရှင်းလင်းပွဲတွင် Jardine Schindler Group မှ အမှုဆောင်ချုပ် မစ္စတာ ဂျူဂျာဒန်ဂိုနာက အဖွင့်အမှာစကား ပြောကြားမည်ဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာခရစ်စတိုဘာဂျန်နာနှင့် Solar Impulse-2 လေယာဉ်မှူးတစ်ဦးက အမှာစကားများပြောကြားမည်ဖြစ်သည်။ Solar Impulse-2 လေယာဉ်မှာ ကားငယ်တစ်စင်း၏ အလေးချိန်ကီလို ၂၃၀၀(ပေါင် ၅၁၀၀)မျှသာရှိသော်လည်း တောင်ပံများမှာ အကြီးမားဆုံးလေယာဉ်တစ်စင်း၏ တောင်ပံနီးပါးရှည်လျားသည်။ Solar Impulse-2 လေယာဉ်ဒီဇိုင်းရေးဆွဲမှုနှင့် တည်ဆောက်မှုမှာ ၁၂ နှစ်ကြာမြင့်ခဲ့သည်။ Solar Impulse-2 လေယာဉ်၏ ပထမပုံစံကို ၂၀၀၉ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး လူလိုက်ပါမောင်းနှင်သည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် တစ်စင်း သွားရောက်သည့် အမြင့်နှင့် ခရီးအကွာအဝေး စံချိန်များ တင်နိုင်ခဲ့ကြောင်း သိရသည်။ **(သုတ)**

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများ ကျင်းပမည်

နေပြည်တော် မတ် ၁၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ပုံမှန်ကျင်းပလျက်ရှိသော ဓမ္မာစရိယ စာမေးပွဲကို ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်တစ်ဝန်းလုံး စာဖြေဌာန ၅၀ တို့၌ ရဟန်းသာမဏေ၊ သီလရှင် ၂၅၁၇၀ တို့ ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

အလားတူ ပထမပြန်စာမေးပွဲကိုလည်း ဧပြီ ၁ ရက်မှ ၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်တစ်ဝန်းလုံး စာဖြေဌာန ၂၃၈ ဌာနတို့၌ ပထမကြိုးတန်းတွင် ရဟန်းသာမဏေ၊ သီလရှင် ၁၅၁၂၈ ပါး၊ ပထမလတ်တန်းတွင် ၁၄၆၀၆ ပါးနှင့် ပထမငယ်တန်းတွင် ၂၉၄၃၆ ပါး စုစုပေါင်း ၅၉၁၇၀ တို့ ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(ကြေးမုံ)**

❖ ကျော်ဖုံးမှ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၁၈၆၇၃ ဦးတို့ ဖြစ်သည်။

အလားတူ **မကွေးတိုင်းဒေသကြီး**တွင် ၅၆၈၁၀ ဦး၊ **မန္တလေးတိုင်းဒေသကြီးတွင် ၈၇၀၅၇ ဦး၊ မွန်ပြည်နယ်**တွင် ၁၈၁၆၂ ဦး၊ **ရခိုင်ပြည်နယ်**တွင် ၂၉၃၈၉ ဦး၊ **ရန်ကုန်တိုင်းဒေသကြီးတွင် ၉၈၈၅၃ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**တွင် ၂၀၉၃၉ ဦး၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)**တွင် ၁၄၁၀၃ ဦး၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)**တွင် ၃၆၄၇ ဦး၊ **ဧရာဝတီတိုင်းဒေသကြီးတွင်(၆၁၈၉၃)ဦးနှင့် နေပြည်တော်**တွင် ၁၆၃၃၈ ဦးရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ယနေ့ ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၅၉၇၀၆၉ ဦးရှိပြီး ယမန်နေ့ကထက် ဖြေဆိုသူ **၇၀၁ ဦး လျော့နည်း**ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂပံ့ပိုးရေးအစီအစဉ် အကြီးအကဲနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)အကြီးအကဲ Rt. Hon. Helen Clark နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Ms. Ertharin Cousin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်ခွဲဘူ၊ ဒေါ်နန်းခွံ၊ ဒေါ်နန်းစေအွာ၊ ဒေါ်ခင်စောဝေနှင့် ဒေါ်မိမြင့်သန်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

လွိုင်လင်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အေးချမ်းစွာဆက်လက်ဖြေဆို

လွိုင်လင် မတ် ၁၂

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ် ၁၁ ရက်မှစတင်ကာ တစ်နိုင်ငံလုံး ကျင်းပကြောင်းသိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာစစ်ဌာနသုံးခုဖွင့်လှစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပရာ အဆိုပါစာစစ်ဌာနများ၌ ကျောင်းတွင်းဖြေဆိုသူ ၆၅၂ ဦး၊ ပြင်ပဖြေဆိုသူ ၂၀၄ ဦး စုစုပေါင်း ၈၆၆ ဦး စာရင်းပေးသွင်းထားပြီး စာမေးပွဲ ပထမနေ့အဖြစ် မြန်မာစာဖြေဆိုရာ ဖြေဆိုသူအားလုံး အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့ကြပြီး ယနေ့ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာ ဖြေဆိုရာတွင်လည်း အဆိုပါမေးခွန်းအား ဖြေဆိုသူများမှာ အခက်အခဲမရှိ ဖြေဆိုနိုင်ကြကြောင်း သိရသည်။

ဝင်းမင်းသန့်(IPRD)

သက်ကြီးရွယ်အိုများနေပိုင်းစောင့်ရှောက်ရေးဂေဟာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာနိုင်ငံ၏ ပထမဆုံး အခမဲ့ သက်ကြီးရွယ်အိုများနေပိုင်းစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်၍ အဘိုးအဘွားများအား လူမှုရေးအရ ပြုစုစောင့်ရှောက်ပေးနေမှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးနေမှုနှင့် အဘိုးအဘွားများ နေ့လည်စာ စားသုံးနေမှုများအား ကြည့်ရှု၍ ခင်မင်ရင်းနှီးစွာ အားပေးစကားပြောကြားသည်။

ထို့နောက် ဧည့်ခန်းမတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူမှုဝန်ထမ်းလုပ်ငန်းရပ်များအား စေတနာ၊ ဝါသနာ၊ အနစ်နာများနှင့် ပေါင်းစပ်၍ တာဝန်ကျပွန်စွာ ဆောင်ရွက်ကြရန်၊ အဘိုးအဘွားများအား မိမိတို့၏ အဘိုးအဘွားများကဲ့သို့ ပြုစုစောင့်ရှောက်ကြရန်၊ လူမှုဝန်ထမ်း လုပ်ငန်းရပ်များဖြစ်သည့် ကလေးသူငယ်စောင့်ရှောက်ရေး၊ အမျိုးသမီးစောင့်ရှောက်ရေး၊ မသန်စွမ်းသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများကို ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ စာနာစိတ်ဖြင့် တာဝန်ကျပွန်စွာ ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများမှ ဝန်ထမ်းများအား ဆင့်ကဲကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပဲခူး မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိဟံသာခန်းမ၌ မတ် ၁၂ ရက် နံနက် ၉ နာရီအချိန်က စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်ဆွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(၃)မှ ညွှန်ကြားရေးမှူးနှင့် ဒေသတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(၃) ညွှန်ကြားရေးမှူးက အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် အခမ်းအနားကို နံနက် ၁၀ နာရီ၃၀တွင် ရပ်သိမ်းခဲ့သည်။ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဖေဖော်ဝါရီ ၁၂ ရက်မှ မတ် ၁၃ ရက်အထိဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်းသတင်း ရရှိပါသည်။

(ခရိုင်ပြန်/ဆက်)

ထိန်းသိမ်းခဲ့သည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာမိဘများထံသို့ ပြန်လည်အပ်နှံ

နေပြည်တော် မတ် ၁၂

မတ် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြသည့်အဖွဲ့၏ ဥပဒေမဲ့လုပ်ဆောင်မှုများကြောင့် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သည့်သူများထဲမှ တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် လည်းကောင်း၊ မိဘများအပေါ် စာနာထောက်ထားသောအားဖြင့် လည်းကောင်း၊ ကျူးလွန်သည့်ပြစ်မှုများအပေါ် သက်ညှာသောအားဖြင့်လည်းကောင်း သက်ဆိုင်ရာမိဘအုပ်ထိန်းသူများအားခေါ်ယူ၍ စနစ်တကျ ပြန်လည်အပ်နှံပေးလျက်ရှိသည်။

ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့အား သက်ဆိုင်ရာကဆုံးမစကားပြောကြားပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ပြန်လည်အပ်နှံမှုများကိုလည်း ဆက်လက်၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအသီးသီးမှ မိဘများထံပြန်လည်အပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူများစာရင်း

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	အပ်နှံပြီး		
		ကျား	မ	ပေါင်း
၁	စစ်ကိုင်း	၂	-	၂
၂	ပဲခူး	၁	-	၁
၃	မန္တလေး	၄	၁	၅
၄	မွန်	၁	-	၁
၅	ရန်ကုန်	၄	၄	၈
စုစုပေါင်း		၁၂	၅	၁၇

(သတင်းစဉ်)

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ ငွေလုံးငွေရင်းအကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်း ထုတ်ပေး

ပဲခူး မတ် ၁၂

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းသည် မတ် ၁၁ ရက် နံနက်က ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသော ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ အမြဲတမ်း မသန်စွမ်းသူပင်စင်နှင့် ကျန်ရစ်သူပင်စင် ထုတ်ယူနေသူများအား ငွေလုံးငွေရင်းထုတ်ပေးခြင်းနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့်နှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လှုပ်စစ်ဝန်ကြီး စက်မှုလက်မှုနှင့် ဦးဘေဘီအုန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဥပဒေပြုရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေတို့က အမြဲတမ်း မသန်စွမ်းမှုပင်စင်နှင့် ကျန်ရစ်သူပင်စင်ထုတ်ယူနေသူများအား ငွေလုံးငွေရင်း ထိခိုက်မှုနှင့်သေဆုံးသူ၏ ကျန်ရစ်သူမိသားစု၏ ငွေကြေးအကျိုးခံစားခွင့် ရရှိသူများကိုယ်စား ပဲခူးမြို့ အင်းလေးရွာဖိနပ်စက်ရုံမှ မန်နေဂျာ ဒေါ်စန္ဒာကြည်နှင့် ဖြူးမြို့နယ် လူမှုဖူလုံရေးဆေးခန်းမှ ဒေါ်အေးအေးမော်တို့က ကျေးဇူးတင်စကား ပြောကြားကြကြောင်း သိရသည်။ **ကရင်(ပြန်/ဆက်)**

နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တောင်းဆိုပွဲပြုလုပ်

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၂) ရပ်ကွက် ဗိုလ်မှူးဗထူးလမ်း အမှတ် (၁၃/က)ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)တွင် ယနေ့နံနက် ၁၀ နာရီမှ စတင်၍ နာရေးကူညီမှုအသင်း (ရန်ကုန်) အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ပြီး အမျိုးသားပညာရေးဥပဒေပြုပြင်ပြောင်းလဲရေး ဆန္ဒပြမှုများကို ရှင်းလင်းထိန်းသိမ်းခဲ့သည့် ဖြစ်စဉ်များအပေါ် တောင်းဆိုပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။**(ယာဝုံ)**

အဆိုပါ တောင်းဆိုပွဲတွင် နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးကျော်သူ အပါအဝင် တက်ရောက်လာသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မတ် ၅ ရက်တွင် ရန်ကုန်မြို့နှင့် မတ် ၁၀ ရက်တွင် လက်ပံတန်းမြို့တို့၌ အမျိုးသားပညာရေးဥပဒေ ပြုပြင်ပြောင်းလဲရေး ဆန္ဒပြမှုများကို ရှင်းလင်းထိန်းသိမ်းခဲ့သည့် ဖြစ်စဉ်များအပေါ် ရှုတ်ချခြင်း၊ ယင်းဖြစ်စဉ်များမှ ထိန်းသိမ်းထားသော ကျောင်းသားများကို ပြန်လည်စေလွှတ်ပေးရန် တောင်းဆိုခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(မင်းသစ်)

ဆရာအတတ်သင်ပညာရေးကို အထူးစိတ်ဝင်စားကြောင်း သိရ

ရန်ကုန် မတ် ၁၂

ဂျပန်နိုင်ငံ Tokyo Gakugei University မှ ကျောင်းသား ကျောင်းသူများသည် အခြေခံပညာကဏ္ဍ ပညာရေးလုပ်ငန်းခွင်သို့ ဝင်ရောက်ကြမည့် ဆရာ ဆရာမလောင်းများဖြစ်ကြသည့်အတွက် မြန်မာနိုင်ငံ၏ အခြေခံပညာရေးကဏ္ဍနှင့် ဆရာအတတ်သင်ပညာရေးကို အထူးစိတ်ဝင်စားမှုရှိကြောင်း မတ် ၁၀ ရက်က ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ပြုလုပ်သည့် အတွေ့အကြုံရှင်းလင်းဟောပြောဆွေးနွေးပွဲ အခမ်းအနားမှ သိရသည်။

"ပညာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့မှာရှိတဲ့ Tokyo Gakugei University ရဲ့ ဖိတ်ကြားချက်အရ သွားရောက်ခဲ့တာပါ။ ဂျပန်နဲ့ မြန်မာ ကွာခြားချက်ကတော့ Education System ပေါ့။ ကျွန်မတို့နိုင်ငံမှာလည်း ပညာရေးနဲ့ပတ်သက်ပြီး ပြောင်းလဲဖို့စီစဉ်နေပါတယ်။ ကျွန်မတို့ အခြေခံပညာကျောင်းတွေနဲ့ မတူတာက သူတို့ဆီမှာက အခန်းတစ်ခန်းကို ကျောင်းသားအရေအတွက် နည်းတဲ့အတွက် နိုင်နိုင်နင်းနင်း သင်ကြားနိုင်တာ၊ စာတွေ့လက်တွေ့ ပူးပေါင်းလေ့လာသင်ကြားနိုင်တာတွေ တွေ့ခဲ့ရတယ်။ ကျွန်မ တိုကျိုမှာတွေ့ခဲ့တဲ့အတွေ့အကြုံ၊ ဂျပန်နိုင်ငံရဲ့ ပညာရေးစနစ်ကို လေ့လာခဲ့ရသလောက်၊ သိခဲ့ရသလောက်ကို ဒီမှာပြန်လည်ပြီး ဆွေးနွေးတာပါ"ဟု Tokyo Gakugei University သို့ သွားရောက်ဟောပြောခဲ့သည့် ရန်ကုန်ပညာရေးတက္ကသိုလ် သင်ပြန်ညွှန်ကြားရေးမှူး ကထိက ဒေါက်တာသီတာဝေကပြောသည်။

တက္ကသိုလ်များတွင် ပညာရှင်များဖိတ်ခေါ်ပြီး ပညာရေးဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခြင်း၊ နိုင်ငံတကာမှ ပညာရှင်များဖိတ်ခေါ်၍ ပညာရေးဆိုင်ရာ ဟောပြောပို့ချခြင်းများပြုလုပ်ခြင်း၊ အတွေ့အကြုံများ ပူးပေါင်းဖလှယ်ဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍအတွက် များစွာအကျိုးရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"ဂျပန်နိုင်ငံ Tokyo Gakugei University မှ ကျောင်းသား ကျောင်းသူတွေက အခြေခံပညာကဏ္ဍ ပညာရေးလုပ်ငန်းခွင်ကိုဝင်မယ့် ဆရာ ဆရာမလောင်းတွေဖြစ်ကြတဲ့အတွက် မြန်မာနိုင်ငံရဲ့ အခြေခံပညာရေးကဏ္ဍနဲ့ ဆရာအတတ်သင်ပညာရေးကို အထူးစိတ်ဝင်စားပြီး မေးမြန်းဆွေးနွေးမှုတွေရှိခဲ့ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ပညာရေးမြှင့်တင်မှုဆောင်ရွက်နေတာတွေကိုပါ သူတို့ကို အသိပေးဖြန့်ဝေခဲ့ပါတယ်"ဟု ကထိက ဒေါ်သီတာဝေကပြောသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Gakugei University ၏ ဖိတ်ကြားချက်အရ Education of Myanmar ခေါင်းစဉ်ဖြင့် ဂျပန်နိုင်ငံတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ဟောပြောပို့ချခဲ့ပြီး မြန်မာနိုင်ငံ ပညာရေးစနစ်၊ အခြေခံပညာကဏ္ဍသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ၊ ကျောင်းစာသင်နှစ်၊ စာသင်ချိန်နှင့် အတန်းချိန်ဇယား၊ ကျောင်းတွင်းကျောင်းပြင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ အခြေခံပညာကဏ္ဍတွင် ရှိသော Non-formal Primary Education (NFPE)အစီအစဉ်ဖြင့် ပညာရေးကဏ္ဍအတွက် ဆောင်ရွက်နေမှုများကို ထည့်သွင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(သီသိမင်း)**

*** ရှေ့ဖုံးမှ**

"တပေါင်းလကနေ တန်ဆူးလအထိ တောင်သမန်အင်းမှာ လာရောက်လည်ပတ်သူများတယ်။ ပြီးတော့ ဆောင်းရာသီတစ်ခုလုံးလည်း စည်ကားပါတယ်။ အခုလို တပေါင်းကနေ တန်ဆူးလအထိ စည်ကားပြီး ကဆုန်လမှာ လာလည်တဲ့သူ နည်းသွားပြီ။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊သီတင်းကျွတ်ကာလ ကျတော့ ပုံမှန်အနေအထားလောက်ပဲ ရှိတယ်။ တောင်သမန်အင်းကို လာရောက်တဲ့ ပြည်ပခရီးသွားဧည့်သည်က ညနေပိုင်းမှာ ပိုများပြီး စည်ကားတယ်။

"နံနက်ပိုင်းကတော့ လာတော့လာတယ်၊ နည်းနည်းပဲလာတယ်။ နိုင်ငံခြားခရီးသည်နဲ့ ပြည်တွင်းခရီးသွားဧည့်သည်တွေပိုပြီးစည်ကားလာတာနဲ့ ဌက်သမွန်ခတ်တဲ့လုပ်ငန်းနဲ့ အသက်မွေးကျောင်းသူတွေအတွက် နေ့စဉ်ဝင်ငွေပိုမိုရရှိပြီးတော့ အဆင်ပြေပါတယ်"ဟု တောင်သမန်အင်းတွင် ဌက်သမွန်ခတ်သူတစ်ဦးက ပြောသည်။

တောင်သမန်အင်းတွင် ဌက်သမွန်စီးသူ ပြည်ပခရီးသွားဧည့်သည် တစ်ဦးလျှင် နံနက်ပိုင်းတွင် ငွေကျပ် ၆၀၀၀ ယူပြီး ညနေပိုင်းတွင် ငွေကျပ် ၁၀၀၀၀ ယူကြောင်း၊ ညနေပိုင်းခရီးသည် ပို့ပေးရသည့် ဌက်သမွန်သမားအနေဖြင့် အလှည့်ကျထွက်ရာတွင် တစ်ကြိမ်မျှသာ ပို့ပေးခွင့်ရသဖြင့် ငွေကျပ် ၁၀၀၀၀ ယူခြင်းဖြစ်ကြောင်း၊ ပြည်တွင်းခရီးသွားဧည့်သည်များကို အချိန်ကာလမရွေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၆၀၀၀ အထိယူကြောင်း၊ တောင်သမန်အင်းအတွင်း ခရီးသည်လှည့်ပတ် လှော်ခတ်ပို့ဆောင်ပေးသည့် ဌက်သမွန်အစင်းရေ ၄၆ စင်းခန့်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

နိုင်ငံတာဝန် ကျေပွန်ဖို့ရေး
ကျသင့်အခွန် မှန်မှန်ပေး

ပြည်တွင်းရေးရာ

❐ လောက်ကိုင်မှ

ဆာလာအိမ်နှင့်ထုပ်ထားသည့်လက်နက်/ခဲယမ်း ဆက်စပ်ပစ္စည်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေရှင်းလင်းရန် ထွက်ခွာလာသော တပ်မတော်စစ်ကြောင်းအား ကိုးကန့်သောင်းကျန်းသူ အင်အားစုများက မော်ထိုက် အနောက်ဘက် တောင်ကြောများတစ်ဝိုက်မှ စောင့်ကြို၍ အလစ်အဝိုက်ချောင်းမြောင်း တိုက်ခိုက်လာသဖြင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ တောင်ဘက်သို့ ဆုတ်ခွာသွားရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့် သောင်းကျန်းသူများထံမှ အမ်(၂၁) ၂ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ စိတ်ကြွရူးသွပ်ဆေးပြား A တံဆိပ်စာတမ်းပါ ဆေးပြား ၆၀၀၀ ပါ အထုပ် ၃၈ ထုပ်နှင့် ဆေးပြား ၅၆၉၈ ပြား၊ WY စာတန်းပါ အစိမ်းရောင်ဆေးပြား ၂၂၀၀ စုစုပေါင်း ဆေးပြား ၂၃၅၈၉၈ ပြား (ကာလတန်ဖိုး ကျပ် သိန်း ၅၈၉၇ ကျော်ခန့်) တို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည် ၃ ဦး နိုင်ငံတော်အတွက် အသက်ပေးလျှခဲ့ကာ အရာရှိ၊ စစ်သည် ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမပွဲစဉ် ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR (JGM) မှ ကြီးမှူးကျင်းပသော 6th JUNIOR GOLF MYANMAR TOURNAMENT 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၁ ရက်နှင့် ၂၂ ရက်များတွင် ရန်ကုန်မြို့ ငွေသော်တာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက် (၂၀) နှစ်အောက် အမျိုးသား အမျိုးသမီး သက်တန်းအလိုက် ပြိုင်ပွဲများကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက်အားကစားသမားများသည် မတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ အမည်စာရင်းနှင့်ပူးတွဲ၍ မွေးစာရင်း(သို့မဟုတ်) မှတ်ပုံတင်(မူရင်း/မိတ္တူ)များနှင့်မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ သက်တန်းအလိုက် လူငယ်ဂေါက်သီးရိုက်အားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်နိုင်သည်။

ယင်းလူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း- ၀၉-၂၅၄၂၂၅၀၇၀၊ ၀၉ -၅၁၇၂၆၇၆၊ ၀၉ -၅၁၁၃၉၅၉ တို့သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

JUNIOR GOLF MYANMAR အနေဖြင့် မျိုးဆက်သစ်လူငယ်အားကစားသမားများပေါ်ထွက်လာရေးအတွက် လစဉ်ပြိုင်ပွဲများ ကျင်းပပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်ကုန်းမြို့နယ်၌ နွေရာသီအားကစားသင်တန်းဖွင့်

တပ်ကုန်း မတ် ၁၂

မြန်မာ့အားကစားလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်အားကစားသမားများ ပေါ်ထွက်ရေးတို့ကိုရည်ရွယ်၍ တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဆပ်ကော်မတီအဖွဲ့တို့မှ ကြီးမှူးကျင်းပသော ပထမအကြိမ် နွေရာသီအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

နွေရာသီအားကစားသင်တန်းတွင် အားကစားနည်း လေးမျိုးဖြင့် သင်တန်းပို့ချပေးမည်ဖြစ်ပြီး အားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် လက်ဝှေ့အားကစားနည်းများဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားကို တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ဖွင့်လှစ်ပေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများနှင့် အားကစားကို ချစ်မြတ်နိုးသော ပါသနာရှင်ပရိသတ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၁၁ ရက်ထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ နွေရာသီအားကစား သင်တန်းသို့ သင်တန်းသား ၉၀ ကျော်လာရောက်သင်ကြားလျက်ရှိကြောင်းနှင့် သင်တန်းပို့ချချိန်မှာ ညနေ ၄ နာရီမှ ၆ နာရီအထိဖြစ်ကြောင်း သိရသည်။

(ဇင်ဘို)

ဒါရိုက်တာ၊ သရုပ်ဆောင် မင်းအုပ်စိုး၏အမှု တရားလိုသက်သေစစ်ဆေး

ရန်ကုန် မတ် ၁၂

ဒါရိုက်တာ၊ သရုပ်ဆောင် မင်းအုပ်စိုး၏အမှုကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်ခဲ့ပြီး တရားလိုသက်သေအဖြစ် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အမှုအတွက် လာမည့် မတ် ၁၈ ရက်တွင် ထပ်မံချိန်းဆိုလိုက်သည်။ ထိုဖြစ်စဉ်သည် လွန်ခဲ့သော ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ဖြစ်ပွားခဲ့ပြီး ၎င်းထုတ်ဝေသည့် မဂ္ဂဇင်းတိုက်မှအယ်ဒီတာ အမျိုးသမီးတစ်ဦးသေဆုံးရခြင်းကို ဗဟန်းမြို့မရဲစခန်းက တရားလိုပြုလုပ်၍ တရားစွဲဆိုထားမှုအပေါ် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက စစ်ဆေးမှုများပြုလုပ်ခြင်းဖြစ်သည်။

ထက်ခိုင်(စမ်းချောင်း)

မြိတ်မြို့ဘုတ်ချောင်းရပ်၌ မီးလောင်မှုဖြစ်ပွား

မြိတ် မတ် ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကလွင်ကျေးရွာ ဘုတ်ချောင်းရပ်အေးရိပ်သာလမ်းတွင် ယနေ့မွန်းတည့် ၁၂ နာရီခန့်က ဒေါ်ခင်မြင့်နေအိမ်တွင် ဒေါ်ခင်မြင့်၏မြေးဖြစ်သူငါးနှစ်အရွယ် မသန္တာဦးသည် နေအိမ်နောက်ဖေးခန်းတွင် ဂတ်စ်မီးခြစ်ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ မြိတ်လေတပ်စခန်းဌာနချုပ်မှူးဗိုလ်မှူးကြီး မောင်မောင်လင်း၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဦးစီးလျက် မီးသတ်ယာဉ် ၁၉ စီး၊ ရေသယ်ယာဉ် နှစ်စီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပြည်သူများက ငြိမ်းသတ်ခဲ့ကြရာ ၁၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုး ကိုးလုံး၊ ခနိမိုး ဝါးထရံကာ ဝါးခင်း သုံးလုံး စုစုပေါင်း ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုဖြစ်စဉ်တွင် အိမ်ထောင်စု ၁၃ စု၊ ပြည်သူ ၉၅ ဦး မီးဘေးသင့်ခံခဲ့ရ၍ မီးဘေးသင့်ပြည်သူများအား သံသရာအေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး နေထိုင်လျက်ရှိကာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မီးဘေးသင့် ပြည်သူများထဲတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုနေသူ ကျောင်းသူ နှစ်ဦး ပါရှိ၍ စာမေးပွဲ ဆက်လက်ဖြေဆိုနိုင်ရန် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

(၂၈၅)

❐❐

လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ် ဒဏ်ခံကြိုး (Fuse) များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝါယာ ရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝါယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချိုယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

နောင်ချို၌ တမလန်းသစ်များ သိမ်းဆည်းရမိ

နောင်ချို မတ် ၁၂။ ။နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး စစ်ဆေးရေးဂိတ်တွင် မတ် ၆ ရက် ည ၈ နာရီခန့်က စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လရ(၁)မှ ဦးဝင်းထွန်းအောင်(ဦးစီးအရာရှိ)နှင့် လုံခြုံရေးတာဝန်ခံ ဒုရဲမှူး ခင်ညိုတို့ပါဝင်သော ဌာနဆိုင်ရာပူးပေါင်း စစ်ဆေးရေးအဖွဲ့သည် မန္တလေးမြို့မှ မူဆယ်ဘက်သို့ ယာဉ်မောင်း ဇော်မင်းဦး မောင်းနှင်လာသော ၉၁/....နီဆန်းအပြာရောင် ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ အပေါ်တွင် ဖရဲသီးများ တင်ဆောင်ထားပြီး အောက်တွင် တမလန်းသစ်ဆိုင်ခုံ ၅၄ တုံး (၅ ဒသမ ၆၈၄၂ တန်)အား ရှာဖွေသိမ်းဆည်းရမိသည်။ **စိုးဝင်း(နောင်ချို)**

မလေးရှားခရီးသည်တင်လေယာဉ် ပျောက်ဆုံးမှုတွင် ပါဝင်ကူညီခဲ့မှု အိန္ဒိယရေတပ်ကို ချီးကျူး

ကွာလာလမ်ပူ မတ် ၁၂

လွန်ခဲ့သည့် တစ်နှစ်က ထူးခြားဆန်းကြယ်စွာ ပျောက်ဆုံးသွားခဲ့သော မလေးရှားခရီးသည်တင်လေယာဉ် အမ်အိပ်ချ်-၃၇၀ အား ရှာဖွေရာတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သော အိန္ဒိယရေတပ်ကို ချီးကျူးလိုကြောင်း၊ ယင်းမှာ မိမိတို့ နှစ်နိုင်ငံအကြား ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ပင်ဖြစ်ကြောင်း မလေးရှား ရေတပ်ဗိုလ်ချုပ် ရော်စဒီမီယာ ဂျဖားက ပြောကြားသည်။

၂၀၁၄ ခုနှစ် မတ် ၈ ရက်က ဝေဟင်အတွင်း မလေးရှားခရီးသည်တင်လေယာဉ် ပျောက်ဆုံးသွားခဲ့ချိန်မှစ၍ အိန္ဒိယရေတပ်သည် မိမိတို့၏ ရေတပ်နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းတွင် အိန္ဒိယရေတပ်က တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း မလေးရှားဘုရင့် ရေတပ်မတော်မှ ဗိုလ်ချုပ်ဂျဖားက မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေး ရောက်ရှိလာသော အိန္ဒိယရေတပ်သင်္ဘော အိုင်အင်နှ်အက်စ်ကေဆာရီပေါ်၌ ကျင်းပသည့် ဂုဏ်ပြု ညစာစားပွဲတွင် ပြောကြားသည်။

မတ် ၁၁ ရက် ညက ကျင်းပသည့် အဆိုပါ ညစာစားပွဲသို့ မလေးရှားနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး တီရူမာတီလည်း တက်ရောက်သည်။ အိန္ဒိယရေတပ်သင်္ဘော အိုင်အင်နှ်အက်စ်ကေဆာရီသည် မြို့တော်ကွာလာလမ်ပူ အနီးရှိ ကလန်းပင်လယ်ဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားထားသည်။

အိုင်အင်နှ်အက်စ်ကေဆာရီစစ်သင်္ဘောသည် အိန္ဒိယနိုင်ငံ၌ ပထမဆုံးအကြိမ် တည်ဆောက်သည့် ရေငုပ်သင်္ဘောဖျက် စတဲလ်စစ်သင်္ဘောအမျိုးအစားဖြစ်ပြီး လန်ကာဝိနိုင်ငံတကာ ပင်လယ်ရေကြောင်းနှင့် လေကြောင်းအာကာသပြပွဲ၌ မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ပါဝင်ပြသမည်ဖြစ်သည်။ **ပီတီအိုင်။**

ယခင်က ကျူးဘားနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တတိယနိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ကြားခံဆက်သွယ်၍ ဖုန်းခေါ်ဆိုနေစဉ်။

အမေရိကန်နှင့် ကျူးဘားတို့ တိုက်ရိုက်ဖုန်းလိုင်းဖွင့်

ဟာဗားနား မတ် ၁၂

ကျူးဘားနှင့်အမေရိကန်ပြည်ထောင်စုတို့သည် ၁၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်တယ်လီဖုန်းလိုင်းကို ပြန်လည်ဖွင့်လိုက်ပြီဖြစ်ကြောင်း ကျူးဘားနိုင်ငံတောင်ပိုင်း ဆက်သွယ်ရေးကုမ္ပဏီက ပြောသည်။

ကနဦးအနေဖြင့် ဖုန်းဆက်ရန်အတွက်သာ ဆက်သွယ်ရေးလိုင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း "အီးတက်စာ"အမည်ရှိ ကုမ္ပဏီက ပြောသည်။

ယခင်က နှစ်နိုင်ငံအကြား ဖုန်းဆက်သွယ်မှုကို တတိယနိုင်ငံ တစ်နိုင်ငံမှတစ်ဆင့် ကြားခံဆက်သွယ်ရသဖြင့် ကုန်ကျစရိတ်ကြီးမြင့်ခဲ့သည်။

လွန်ခဲ့သည့် ဒီဇင်ဘာလတွင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ပြန်လည်ထူထောင်မည်ဟု ကြေညာပြီးသည့်နောက် ဤသဘောတူညီချက်မှာ ပထမဆုံး နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်ဖြစ်သည်။

ယခုအခါ အမေရိကန်နိုင်ငံသားများနှင့် ကျူးဘားနိုင်ငံသားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံသို့ တယ်လီဖုန်းဖြင့် တိုက်ရိုက်စကားပြောဆိုနိုင်တော့မည်ဖြစ်သည်။

ရိုက်တာ။

အမေရိကန်သမ္မတဟောင်း လန်ဒန်ဂျွန်ဆင်က မာတင်လူသာကင်း၏ ဇနီးထံ ရေးသားထားသည့်စာ လေလံတင်မည်

ဝါရှင်တန် မတ် ၁၂

အမေရိကန်သမ္မတဟောင်း လန်ဒန်ဂျွန်ဆင်က ၁၉၆၈ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် လူမည်းအခွင့်အရေးခေါင်းဆောင် မာတင်လူသာကင်းဂျူနီယာ၏ ဇနီးထံ ရေးသားပေးပို့ခဲ့သည့် ဝမ်းနည်းကြောင်း ဖော်ပြထားသော စာတစ်စောင်ကို ဥပဒေကြောင်းအရ အငြင်းအခုံဖြစ်ပွားပြီးနောက် လေလံတင်ရောင်းချတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

လက်နှိပ်စက်ဖြင့် ရိုက်ထားသည့်အဆိုပါစာမှာ အမေရိကန်ပြည်ထောင်စုတွင် အကြမ်းဖက်မှုများဖြစ်ပေါ်နေပြီး လူဖြူလူမျိုးကြီးဝါဒီတစ်ဦးက တင်နက်ဆီပြည်နယ် မန်းဖစ်မြို့၌ မာတင်လူသာကင်းအား ပစ်ခတ်ခဲ့ပြီး နောက်တစ်ရက် ၁၉၆၈ ခုနှစ် ဧပြီလ ၅ ရက်နေ့စွဲဖြင့် ဂျွန်ဆင်က ကော်ရတ်တာစကော့ကင်းထံ ရေးသားထားသည့်စာဖြစ်သည်။ ဗာဂျီးနီးယားပြည်နယ် ဖောစ်ချဒ်မြို့ရှိ ကွင်းစ်လေလံပစ္စည်းပြခန်းများတွင် အဆိုပါစာကို ရောင်းချလျက်ရှိပြီး ဈေးနှုန်းကို အနည်းဆုံး အမေရိကန်ဒေါ်လာ ၆၀၀၀၀ သတ်မှတ်ထားပြီး အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ မှ ၁၈၀၀၀၀ ထိ ဈေးရရှိရန် မျှော်လင့်ထားသည်။

ကော်ရတ်တာစကော့ကင်းသည် ယင်းစာကို အဆိုတော်နှင့် လူမှုရေးဆိုင်ရာ တရားမျှတရေး တက်ကြွလှုပ်ရှားသူ ဟာရီဘီလာဖွန်တီထံ ပေးအပ်ခဲ့ပြီး ၎င်းက ၂၀၀၃ ခုနှစ်အထိ ထိန်းသိမ်းထားခဲ့သည်။ ဘီလာဖွန်တီက အဆိုပါစာကို ၂၀၀၈ ခုနှစ်တွင် ဆွန်သီဘိုင်လေလံဆိုင်မှတစ်ဆင့် ရောင်းချရန် ကြိုးပမ်းလာသောအခါ လူသာကင်း၏ သားသမီးများက ပယ်ချခဲ့ပြီး ရောင်းချမှုမှာ ပယ်ဖျက်ခံခဲ့ရသည်။

ဆင်ဟွာ။

စင်ကာပူချန်ဂီလေဆိပ် ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် သုံးနှစ်ဆက်တိုက်ရပ်တည်

စင်ကာပူ မတ် ၁၂

စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သည် ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် သုံးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက မတ် ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ချန်ဂီလေဆိပ်သည် ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် သတ်မှတ်ခံရမှုမှာ ယခုအကြိမ်သည် ငါးကြိမ်မြောက်ဖြစ်သည်။ ယခုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် သတ်မှတ်ခံရမှုကို ကမ္ဘာတစ်ဝန်းရှိ လေဆိပ်ပေါင်း ၅၅၀ အနက် နိုင်ငံပေါင်း ၁၁၂ နိုင်ငံမှ လေကြောင်းခရီးသွားလာသူ ၁၃ ဒသမ ၀၂ သန်း၏ သဘောထားမှတ်ချက်ကို ရယူသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ သဘောထားမှတ်ချက်ရယူရာတွင် လေယာဉ်တက်ရန် စာရင်းသွင်းခြင်း၊ ဆိုက်ရောက်ခြင်းများ၊ ခရီးစဉ်ကူးပြောင်းခြင်းများ၊ ဈေးဝယ်ခြင်း၊ လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ခြင်း၊ လေဆိပ်အဝင်အထွက်ဂိတ်ပေါက်များအပါအဝင် အချက်အလက် ၃၉ ခုအပေါ်အခြေခံ၍ သုတေသနပြု မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

"ခရီးသွားလာသူအရေအတွက် တိုးမြင့်လာမှုနဲ့ ပတ်သက်ပြီး ချန်ဂီလေဆိပ်ရဲ့ အနာဂတ်ကို စိတ်လှုပ်ရှားမိပါတယ်။ ဒါပေမယ့် ခရီးသွားဧည့်သည်တွေအတွက် အဆင့်မြင့်ဝန်ဆောင်မှုတွေနဲ့ တီထွင်ဆန်းသစ်မှုတွေကို အဓိကထား ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ချန်ဂီလေဆိပ်အုပ်စု အမှုဆောင်အရာရှိချုပ် လီဆီယိုဟိုင်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ အင်ချုန်နိုင်ငံတကာလေဆိပ်က ဒုတိယ၊ ဂျာမနီနိုင်ငံ မြူးနစ်လေဆိပ်က တတိယနှင့် ဟောင်ကောင်နိုင်ငံတကာလေဆိပ်က စတုတ္ထနေရာတို့တွင် ရပ်တည်လျက်ရှိကြသည်။ တရုတ်နိုင်ငံ၏ ပေကျင်းနိုင်ငံတကာလေဆိပ်မှာ ယခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးလေဆိပ်များစာရင်းတွင် နံပါတ် ၁၀ နေရာ၌ ရပ်တည်လျက်ရှိသည်။ **ဆင်ဟွာ။**

ရုရှားဗုံးကြဲလေယာဉ်များအား ကူညီမှုရပ်ဆိုင်းရန် ဗီယက်နမ်ကို အမေရိကန်တောင်းဆို

ဝါရှင်တန် မတ် ၁၂

နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်စွမ်းရှိသည့် ရုရှားဗုံးကြဲလေယာဉ်များ ဆီဖြည့်နိုင်ရန် အမေရိကန်စစ်စခန်းဟောင်းကို အသုံးပြုရန်ခွင့်ပြုပေးထားခြင်းအား ရပ်ဆိုင်းပါရန် ဗီယက်နမ်နိုင်ငံကို အမေရိကန်ပြည်ထောင်စုက တောင်းဆိုခဲ့ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရုတ်နှင့် အမေရိကန်၏ မဟာမိတ် ဂျပန်၊ အရှေ့တောင်အာရှနိုင်ငံများအကြား တင်းမာမှု ပေါ်ပေါက်နေသောဒေသတွင် ရုရှားဗုံးကြဲလေယာဉ်များ ပျံသန်းမှုမြင့်တက်လာလျက်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြပြီး နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏ မေတ္တာရပ်ခံချက်ကို ရိုက်တာက ဖော်ပြခြင်းဖြစ်သည်။

ရုရှားလေယာဉ်များသည် အမေရိကန်ပြည်ထောင်စု၏ အဓိကလေတပ်စခန်းဖြစ်သည့် ဂူအမ်ကျွန်းပစိဖိတ်သမုဒ္ဒရာ ရေပြင်ဝန်းကျင်၌ ပျံသန်းမှုများအပါအဝင် ရန်စပျံသန်းမှုများပြုလုပ်ခဲ့ကြကြောင်း ပစိဖိတ်သမုဒ္ဒရာမှ အမေရိကန်တပ်မှူးဗိုလ်ချုပ်ကြီး ဗင်းဆင့်ဘရုက ရိုက်တာသို့ ပြောကြားသည်။

ရုရှားဗုံးကြဲလေယာဉ်များသည် ကမ္ဘာအနှံ့ လှုပ်ရှားမှုများ တိုးမြှင့်ပြုလုပ်လာရာတွင် သဘာဝရေနက်ဆိပ်ကမ်း "ကန်ယန်ဂေ"၏ ပါဝင်မှုကို အမေရိကန်တာဝန်ရှိသူများက ပထမဆုံးအကြိမ် အတည်ပြုပြောကြားခြင်းဖြစ်သည်။

ဂူအမ်ကျွန်းတစ်ဝိုက်ပျံသန်းလျက်ရှိသော ဗုံးကြဲလေယာဉ်များကို ဝေဟင်၌ ဆီဖြည့်ပေးသော ဆီဖြည့်လေယာဉ်များသည် ဗီယက်နမ်၏ ကန်ယန်းပင်လယ်အော်မှ ပျံသန်းလာခဲ့ခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဘရုက ပြောသည်။

ယင်းသည် ဗီယက်နမ်စစ်ပွဲကာလအတွင်း၌ အမေရိကန်၏ လေတပ်နှင့် ရေတပ်စစ်စခန်းဖြစ်ပြီး နောက်ပိုင်းတွင် ဗီယက်နမ်သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ရိုက်တာ။

အားကစား

နာစတာဆစ်အား ရှော်လ်ကေးအသင်း အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆို

ဂျာမန်ဘွန်ဒက်လီဂါ ကလပ် ရှော်လ်ကေးအသင်းသည် မန်စီးတီး နောက်ခံကစားသမား နာစတာဆစ်အား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

နာစတာဆစ်သည် ၂၀၁၂ ခုနှစ်တွင် မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်စီးတီးအသင်း၌ တစ်ရာသီသာကစားပြီး ရှော်လ်ကေးအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့သွားခဲ့သည်။ သို့ရာတွင် မန်စီးတီးအသင်းတွင်ကစားစဉ် အကောင်းဆုံးကစားနိုင်ခဲ့ခြင်းကြောင့် ၂၀၁၃ ဘောလုံးရာသီ မန်စီးတီးအသင်း၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။သို့ရာတွင် နာစတာဆစ်သည် ဒဏ်ရာပြဿနာကြုံခဲ့ရာမှ မန်စီးတီးအသင်း၌ ပုံမှန်ကစားခွင့် ပျောက်ဆုံးခဲ့ရသည်။

ထို့ကြောင့် အသက်(၂၁)နှစ်အရွယ်ရှိ နောက်တန်းကစားသမားနာစတာဆစ်သည် ဇန်နဝါရီလအတွင်းက မန်စီးတီးအသင်းမှ ရှော်လ်ကေးအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီး ရှော်လ်ကေးအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၁ ပွဲ ပါဝင်ကစားပေးထားနိုင်ခဲ့သည်။

နာစတာဆစ်သည် ရှော်လ်ကေးအသင်းသို့ ရောက်ရှိလာခဲ့ချိန်ကတည်းက ရှော်လ်ကေးအသင်းနှင့်အတူ ချန်ပီယံလိဂ်သာမက ဘွန်ဒက်လီဂါပြိုင်ပွဲများတွင်ပါ ပွဲစဉ်အားလုံးပါဝင်ကစားပေးနိုင်ခဲ့သည်။ နာစတာဆစ် ရောက်ရှိလာချိန်တွင် ရှော်လ်ကေးအသင်းသည် ပွဲစဉ်ကိုးပွဲကစားခဲ့ရာ သုံးပွဲသာရှုံးပွဲကြုံခဲ့သည်။

ထို့ကြောင့် ရှော်လ်ကေးအသင်းက နာစတာဆစ်အား အမြဲတမ်းစာချုပ်ချုပ်ဆိုရန် ဆန္ဒဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် ရှော်လ်ကေးအသင်းက အမြဲတမ်းစာချုပ် ချုပ်ဆိုလိုက်ခြင်းကြောင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းလည်း နာစတာဆစ်က ဆိုခဲ့သည်။

ဆားဘီးယားကြယ်ပွင့် နာစတာဆစ်သည် ရီးယဲလ်မက်ဒရစ်အသင်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင်လည်း ရှော်လ်ကေးအသင်းနှင့်အတူ ပါဝင်ကစားပေးခဲ့သည်။

(နိုင်လင်းကြည်)

သန်လျင်၌ ရပ်ကွက်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ပြုလုပ်သော ၂၀၁၅ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက်(၁၅)နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက သီဟဒီပအားကစားကွင်း၌ ကျင်းပရာ အုပ်စု(က)မှ ဗိုလ်ချုပ်အသင်းနှင့် အမှုထမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ပြိုင်ပွဲ ပွဲစဉ်များကို မတ် ၁၁ ရက်မှ ၁၇ ရက်အထိ နေ့စဉ် သုံးပွဲမှ လေးပွဲအထိ ကျင်းပမည်ဖြစ်ရာ အကြိုဗိုလ်လုပွဲနှင့် နောက်ဆုံးဗိုလ်လုပွဲကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး သန်လျင်မြို့ပေါ် ၁၇ ရပ်ကွက်မှ ဖူဆယ်ဘောလုံးအသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

သက်ခိုင်(သန်လျင်)

မန်စီးတီးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ဇက်ကိုပြောကြား

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ ဘော့စနီးယားတိုက်စစ်မှူး ဇက်ကိုသည် လောလောဆယ်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားပြီး မန်စီးတီးအသင်းတွင် ပျော်ရွှင်မှုရရှိနေခြင်းကြောင့် မန်စီးတီးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့ပြင် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ ထွက်ခွာစေလိုသော အကြံပြုချက်များနှင့် ပတ်သက်၍လည်း ငြင်းဆန်မှုများ ပြုလုပ်ခဲ့သည်။ ဘော့စနီးယားကြယ်ပွင့် ဇက်ကိုသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်ကိုးပွဲကစားပေးခဲ့ရာတွင် သွင်းဂိုးလေးဂိုး သွင်းယူထားနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းသို့ တိုက်စစ်မှူး ဘိုနီရောက်ရှိလာခြင်းသည် ဇက်ကို၏ ပုံမှန်ပွဲထွက်ကစားခွင့်အတွက် အခက်တွေ့နေရသူဖြစ် သည်။

သို့ရာတွင် တိုက်စစ်မှူးဇက်ကိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံဆုဖလား ရရှိရေးအတွက် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် စာချုပ်သက်တမ်းမကုန်ဆုံးမီမှာပင် မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုထားနိုင်ခဲ့သည်။

တိုက်စစ်မှူးဇက်ကိုသည် မန်စီးတီးအသင်းမှ ထွက်ခွာမည်ဆိုသည့် သတင်းများ ထွက်ပေါ်ခဲ့မှုအတွက်လည်း မည်သည့်ဝေဖန်မှုမျိုးမှ လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပေ။"ပရီမီယာလိဂ်မှာ သွင်းဂိုး ၅၀ အထိသွင်းယူပေးထား နိုင်ခဲ့တာကြောင့် ကြီးမားတဲ့အောင်မြင်မှုတစ်ရပ်ပါပဲ။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကတော့ ချယ်လ်ဆီးအသင်းကို ကျော်ဖြတ်ပြီး ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ဖို့ပါပဲ"ဟု တိုက်စစ်မှူး ဇက်ကိုက မန်စီးတီးအသင်း၏ ယခုနှစ်ဘောလုံးရာသီပစ်မှတ်ထားမှုနှင့် ပတ်သက်၍ ဖွင့်ဟပြောကြားခဲ့သည်။

(ငွေကြယ်)

လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွက် ဗန်ဟားလ် ပေါင်သန်း ၁၅၀ သုံးစွဲခွင့်ရရှိမည်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၏နည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်သည် လာမည့်ဘောလုံးရာသီမတိုင်မီ နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းအား ပြင်ဆင်အားဖြည့်မှုများပြုလုပ်ရန်အတွက် ပေါင်သန်း ၁၅၀ သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းမှာယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများဖြင့် ဆက်တိုက်ကြုံတွေ့နေရခြင်းဖြစ်ပြီး ပြီးခဲ့သည့် တနင်္ဂနွေနေ့က အာဆင်နယ်အသင်းနှင့် ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်အား ရှုံးနိမ့်ခဲ့ပြီးနောက် ဖလားလက်မဲ့ရာသီကိုရင်ဆိုင်ဖြတ်သန်းရန်သေချာသွားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် မန်ယူနည်းပြဖြစ်သူလူးဝစ်ဗန်ဟားလ်အနေဖြင့် လာမည့်နွေရာသီတွင် အသင်းအား ပြင်ဆင်အားဖြည့်မှုများပြုလုပ်ခဲ့ရန် စီစဉ်လျက်ရှိပြီး နွေရာသီအပြောင်းအရွှေ့စရိတ်အဖြစ် စုစုပေါင်းပေါင်သန်း ၁၅၀ အထိသုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း ဗြိတိန်သတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။

မန်ယူအသင်းမှာလာမည့်ဘောလုံးရာသီတွင် ကစားသမားသစ်များစွာကို ခေါ်ယူရန် စီစဉ်နေပြီး ပါလာမိုလူငယ် တိုက်စစ်မှူး ဒိုင်ဘလာ၊ ဘာစီလိုနာ နောက်ခံလူအဲလ်ဗက်၊ ရိုးမားကွင်းလယ်လူစထရုမန်း၊ ပီအက်စ်ဂျီကွင်းလယ်လူ ရက်ဘီယိုတို့အပြင် ဒန်နီလို၊ ဟမ်းမဲလ်၊ ခီဒီယာစသည့် နာမည်ကျော်ကစားသမားများကိုပါ ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသတင်းများထွက်ပေါ်နေသည်။ ထို့ကြောင့် မန်ယူနည်းပြဖြစ်သူလူးဝစ်ဗန်ဟားလ်အနေဖြင့် လာမည့်ဘောလုံးရာသီတွင် အသင်းအား များပြားသည့်ငွေကြေးအင်အားတစ်ရပ်ဖြင့် ထပ်မံပြင်ဆင်အားဖြည့်သွားဖွယ်ရှိနေပြီး အသင်း၏ ကစားသမားအချို့ကိုလည်း ရောင်းထုတ်သွားရန် စီစဉ်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

မန်ယူအသင်းမှာ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကလည်း ဘလိုင်း၊ ရိုဂျို၊ ဒီမာရီယာ၊ ဟာရဲရား၊ ဖယ်လ်ကာအို ကစားသမားများအတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သော်လည်း နှစ်ပေါင်း ၆၀ အတွင်း ရလဒ်အဆိုးရွားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

(ကိုရဲ)

ပရီမီယာလိဂ် ရင်ခုန်သံ - ၂၉

ပရီမီယာလိဂ်ပွဲစဉ် ၂၉ ကို မတ် ၁၄၊ ၁၅၊ ၁၇ ရက်တွေမှာ ကျင်းပသွားဖို့ ရှိပါတယ်။ ဒီပွဲစဉ်မှာ မန်ယူနဲ့ စပါးတို့ ဆုံတွေ့နေသလို ချယ်လ်ဆီးနဲ့ ဆောက်သမ်တန်တို့လည်း ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမှာပါ။ အထူးသဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရေး မျှော်လင့်နေကြတဲ့ မန်ယူနဲ့စပါးတို့ရဲ့ ဆုံတွေ့မှုကပိုပြီး စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ပဲလေ့စ်-ကျူပီအာ ည ၇း၁၅ (၁၄-၃-၁၅)

ကျူပီအာကတန်းဆင်းဇုန်ထဲရောက်နေပြီး တန်းဆင်းရမယ့်အန္တရာယ်နဲ့ ရင်ဆိုင်နေရတာကြောင့် အမှတ်ရအောင် အထူးအားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် ကျူပီအာရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဒဲ့အပြင် ပဲလေ့စ်ရဲ့ ကစားပုံကမဆိုးသလို ပဲလေ့စ်က အိမ်ကွင်းခြေလည်း ပိုပြီးတည်ငြိမ်ပါတယ်။ ပဲလေ့စ်နိုင်ပွဲရသွားမှာပါ။

အာဆင်နယ်-ဝက်စ်ဟမ်း ည ၉း၃၀ (၁၄-၃-၁၅)

ဝက်စ်ဟမ်းက အခုနောက်ပိုင်းမှာ ခြေအကျဘက်ရောက်နေတယ်။ နောက်ဆုံးကစားတဲ့ဂိုးပွဲမှာ တစ်ပွဲမှအနိုင် မရခဲ့ဘူး။ အမှတ်ကွာဟမှုအရလည်း ဥရောပဝင်ခွင့်ရဖို့ခက်လာတယ်။ အာဆင်နယ်ကတော့ တတိယနေရာတည်မြဲဖို့အတွက် အိမ်ကွင်းမှာအမှားအယွင်းအဖြစ်ခံမှာမဟုတ်ဘူး။ အာဆင်နယ်ပဲ အနိုင်ရသွားမှာပါ။

လက်စတာ-ဟားလ် ည ၉း၃၀ (၁၄-၃-၁၅)

လက်စတာဟာ အမှတ်ပေးဇယားအောက်ဆုံးရောက်နေပေမယ့် သူတို့ရဲ့အမှတ်အနေအထားအရ တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိနေသေးလို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာပါ။ ဒါကြောင့် လက်ရှိ ဟားလ်ရဲ့ကစားပုံကောင်းမွန်နေပေမယ့် ဒီပွဲမှာတော့မထင်မှတ်ဘဲ ရုန်းကန်ရနိုင်ပါတယ်။ လက်စတာတို့ သရေလောက်ကစားနိုင်မှာပါ။

ဆန်းဒါးလန်း-ဗီလာ ည ၉း၃၀ (၁၄-၃-၁၅)

နှစ်သင်းစလုံးက တန်းဆင်းဇုန်နဲ့ကပ်ပြီးရှိနေတာကြောင့် အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကြမယ့်ပွဲပါ။ လက်ရှိမှာ ဗီလာဟာ နိုင်ပွဲပြန်ရခဲ့ပြီဆိုပေမယ့် အကောင်းဆုံးပုံစံမှာမရှိသေးပါဘူး။ အထူးသဖြင့် အသင်းလိုက်ကစားပုံမှာ ဆန်းဒါးလန်းက ပိုမိုတည်ငြိမ်ပြီး ဆန်းဒါးလန်းရဲ့ကွင်းလည်းဖြစ်နေလို့ ဆန်းဒါးလန်းသာကပ်နိုင်သွားဖို့ရှိပါတယ်။

ဘန်လေ-မန်စီးတီး နံနက် ဝဝးဝဝ (၁၅-၃-၁၅)

ဘန်လေဟာ တန်းဆင်းဇုန်ထဲရောက်နေသလို တန်းမဆင်းရဖို့လည်း မျှော်လင့်ချက်ရှိနေတာကြောင့် အိမ်ကွင်းမှာ အမှတ်ရဖို့ အထူးအားစိုက်လာမှာပါ။ မန်စီးတီးက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ မန်စီးတီး အနိုင်ရသွားဖို့ ရှိပေမယ့်လည်း ဂိုးပြတ်ဖိုတော့ခက်ပါလိမ့်မယ်။

ချယ်လ်ဆီး-ဆောက်သမ်တန် ည ၈း၀၀ (၁၅-၃-၁၅)

ချန်ပီယံလိဂ်ကစားခဲ့ရမယ့် ချယ်လ်ဆီးက ပွဲပန်းနေနိုင်တယ်။ ဆောက်သမ်တန်ကတော့ သူတို့ရဲ့ရပ်တည်မှုအရရော အမှတ်အခြေအနေအရပါ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်သေးလို့ ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် သတိပြုရမှာက ဆောက်သမ်တန်ရဲ့လက်ရှိခြေစွမ်းက တည်ငြိမ်မှုအားနည်းလာခြင်းပဲ။ ဒါကြောင့် ချယ်လ်ဆီးကပ်နိုင်သွားဖို့ရှိတယ်။

အဲဗာတန်-ကာဆယ် ည ၁၀း၃၀(၁၅-၃-၁၅)

အဲဗာတန်အတွက် ဒီပွဲဟာ ယူရိုပါလိဂ်နှစ်ပွဲကြား ရောက်ရှိနေပေမယ့် လက်ရှိအဲဗာတန်ရဲ့ရပ်တည်မှုဟာ တန်းမဆင်းရဖို့ အာမခံချက်မရှိသေးပါဘူး။ ဒါကြောင့် အားစိုက်ကစားလာမှာပါ။ ဒဲ့အပြင် နယူးကာဆယ်ရဲ့လက်ရှိခြေစွမ်းပိုင်းနဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကလည်း သာမန်သာရှိပါတယ်။ ဒါကြောင့် အဲဗာတန်ပဲအနိုင်ရမှာပါ။

မန်ယူ-စပါး ည ၁၀း၃၀(၁၅-၃-၁၅)

မန်ယူဟာ ဒီရာသီမှာချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အမှားမခံတဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာ အနိုင်ရဖို့အတွက် အားစိုက်ကစားလာမှာပါ။ လက်ရှိစပါးရဲ့ ခြေစွမ်းကလည်း သာမန်သာရှိတဲ့အပြင် မန်ယူက အိုးလ်ထရက်ဖို့ဒ်မှာ ကစားပုံပိုပြီး ကောင်းတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ မန်ယူတို့ အခက်အခဲကြားက နိုင်ပွဲယူသွားမှာပါ။

ဆွမ်ဆီး-လီဗာပူး နံနက် ၂း၃၀(၁၇-၃-၁၅)

လီဗာပူးဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရှိလာတာကြောင့် အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ အထူးသဖြင့် မန်ယူက စပါးနဲ့ ပွဲကျပ်ကစားရမယ့်အချိန်မှာ လီဗာပူးတို့ အနိုင်ရဖို့အထူးအားစိုက် ကစားလာပါလိမ့်မယ်။ ဆွမ်ဆီးရဲ့ခြေစွမ်းကလည်း သာမန်သာရှိတာကြောင့် လီဗာပူးကပဲကပ်နိုင်သွားမှာပါ။

(ရွှိုင်းမင်းမင်း)

ရထားပေါ်ပါသွားသည့် ကလေးငယ်နှစ်ဦးအား ရထားရဲတပ်ဖွဲ့က ရှာဖွေထိန်းသိမ်းစောင့်ရှောက်၍ အုပ်ထိန်းသူထံ ပြန်လည်အပ်နှံ

နေပြည်တော် မတ် ၁၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဝက်စုကျေးရွာနေ ဒေါ်သင်းသင်းမာ(၃၆)နှစ်သည် မတ် ၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ရထားရဲတပ်ဖွဲ့ အမှတ်(၉)တပ်ခွဲ တပ်စု(၂)ပျဉ်းမနားသို့ ရောက်ရှိလာပြီး ၎င်းသည် တူ/တူမများဖြစ်သည့် မောင်ကျော်ဇင်သန်း(၁၅)နှစ်၊ မောင်ကျော်မင်းသန့် (၁၁)နှစ်၊ မသော်တာလင်းသန်း(၅)နှစ်တို့နှင့်အတူ အမှတ်(၁၁)အဆန် ရန်ကုန်-မန္တလေး အမြန်ရထားဖြင့် စီးနင်းလိုက်ပါလာခဲ့ကြောင်း၊ ပျဉ်းမနားဘူတာသို့ ရထားဆိုက်ရောက်၍ ရထားပေါ်မှဆင်းစဉ် ၎င်းနှင့် မောင်ကျော်ဇင်သန့်တို့သာ ဆင်းနိုင်ခဲ့ပြီး မောင်ကျော်မင်းသန့်နှင့် မသော်တာလင်းသန့်တို့နှစ်ဦးမှာ ရထားပေါ်ပါသွားသောကြောင့် ကူညီရှာဖွေပေးရန် အကူအညီတောင်းခံခဲ့သဖြင့် တပ်စု(၂)ပျဉ်းမနားမှ တပ်ဖွဲ့ဝင်များက အမှတ်(၉)တပ်ခွဲ(နေပြည်တော်)သို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

တပ်စု(၂)ပျဉ်းမနား၏ ဆက်သွယ်အကြောင်းကြားချက်အရ ယင်းနေ့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် အမှတ်(၁၁)အဆန် ရန်ကုန်-မန္တလေးအမြန်ရထား နေပြည်တော်ဘူတာသို့ ဆိုက်ရောက်စဉ် အမှတ်(၉) တပ်ခွဲ(နေပြည်တော်)မှ တပ်ဖွဲ့ဝင်များက ကလေးငယ်နှစ်ဦးအား ရှာဖွေထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။

အမှတ်(၉)တပ်ခွဲ (နေပြည်တော်)တွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် မောင်ကျော်မင်းသန့်နှင့် မသော်တာလင်းသန့်တို့အား တပ်စု(၂)ပျဉ်းမနားမှတပ်ဖွဲ့ဝင်များက သွားရောက်ခေါ်ဆောင်ခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပျဉ်းမနားတပ်စုရုံး၌ အုပ်ထိန်းသူ ဒေါ်သင်းသင်းမာထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

(ရဲမြန်ကြား)

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း မိုင်တိုင်အမှတ်(၆၀၁/၂၄)၌ အမျိုးသားတစ်ဦး သေဆုံး

မော်လူး မတ် ၁၂

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း မော်လူးမီးရထားဘူတာနှင့် ပင်ဝဲမီးရထားဘူတာအကြား မိုင်တိုင်အမှတ်(၆၀၁/၂၄)၌ မတ် ၁၁ ရက်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သိရသည်။

မတ် ၁၁ ရက် နံနက် ၁၁ နာရီက မန္တလေး-မြစ်ကြီးနား မီးရထားလမ်း မိုင်တိုင်အမှတ်(၆၀၁/၂၄)တွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်းကို မော်လူးမီးရထားဘူတာမှ တာဝန်ခံရုံပိုင်ကြီး ဦးစိုးလင်း၏ သတင်းပေးချက်အရ မော်လူးရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးမင်းသိန်း၊ ဒုရဲအုပ် ဝေမိုး၊ စီးမော်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ မိုင်တိုင်အမှတ်(၆၀၁/၂၄)မီးရထားလမ်းပေါ်တွင် ရှုပ်အက်ကျိလက်တို့ အဖြူကျား၊ အပေါ်ဝတ်သားရေအင်္ကျီ၊ ပုဆိုးညိုကွက်သေး(အပ်ချုပ်ရာများနှင့်) အရပ် ၅ပေ ၅ လက်မခန့်ရှိ အသက်(၃၂)ခန့် အမျိုးသားတစ်ဦးသည် နဖူးမှ နောက်စေ့အထိ ဦးခေါင်းကွဲ၊ ညာဘက်လက်ကောက်ဝတ်ရိုးကျိုး ကြေမွဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မွန်းလွဲ ၁ နာရီခွဲတွင် မော်လူးတိုက်နယ်ဆေးရုံသို့ တင်ပို့ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် မော်လူးရဲနယ်မြေ ရဲစခန်းက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၈၅)

တရားမဝင် တမလန်းသစ် သယ်ဆောင်လာသူများကို အရေးယူ

နေပြည်တော် မတ် ၁၂

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၉ နာရီခွဲက ကွတ်ခိုင်မြို့ အေရှားဝေါလ်တိုးဂိတ်အနီး၌ ယာဉ်များကို စစ်ဆေးနေစဉ် မန္တလေးမှ မူဆယ်ဘက်သို့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ကန် ဘောင်ရပ်ကွက်နေ မင်းမင်း(၃၀)နှစ်မောင်းနှင်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေ ယာဉ်နောက်လိုက် ဧလိယ(၁၇)နှစ်လိုက်ပါလာသည့် 9B/---- ခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေစစ်ဆေးရာ ယာဉ်၏ အောက်ဘက်ရှိ အဲကွန်း အပေါက်အတွင်း ထည့်သွင်း သယ်ဆောင်လာသည့် တရားမဝင်တမလန်းသစ်ဓားရွေတုံး ၂၀ တုံး(သုည ဒသမ ၆၄၆၈)တန် တွေ့ရှိသိမ်းဆည်း ရမိခဲ့သောကြောင့် မင်းမင်းနှင့် ဧလိယတို့နှစ်ဦးကို ကွတ်ခိုင်မြို့မရဲစခန်းက (ပ)၃၅/၂၀၁၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲမြန်ကြား)

လက်ကိုင်ဖုန်း အားသွင်းထားရာမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်

နေပြည်တော် မတ် ၁၂

ရှမ်းပြည်နယ် ဟဲဟိုးမြို့ နန်းကုန်းရပ်ကွက်နေ ရွှေလှိုင်ဖြိုး(ခ)သားထူး(၃၄)နှစ်၏ နေအိမ်တွင် မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဟဲဟိုးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ ရွှေလှိုင်ဖြိုး (ခ)သားထူးသည် နေအိမ်တံခါးပိတ်ပြီး ဇနီးဖြစ်သူနှင့် အတူ အပြင်သို့သွားနေစဉ် နေအိမ်ဘုရားခန်းအနီးရှိ စားပွဲခုံပေါ်၌ လက်ကိုင်ဖုန်းအားသွင်းထားခဲ့ရာမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး မီးလောင်မှုကြောင့် သုံးပင် နှစ်ခန်း သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်း နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ရွှေလှိုင်ဖြိုး(ခ)သားထူးအား ဟဲဟိုးနယ်မြေရဲစခန်းက (ပ)၁၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲမြန်ကြား)

မင်းလှမြို့နယ်၌ အမျိုးသမီးလူပျောက်မှု သက်ဆိုင်ရာမှစုံစမ်းနေ

မင်းလှ မတ် ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာနေ ဦးမျိုးနိုင်သည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီက ဆိုင်တွင်ရှိနေစဉ် မင်းလှမြို့နယ် ရွာသစ်ရွာနေ ၎င်း၏ဇနီးဖြစ်သူ မအေးစုကြည်အသက်(၃၀)သည် အဆိုပါနေ့ နံနက် ၁၁ နာရီက ဒဟတ်ပင်ရေနံမှော်မှ မကွေးသို့ ပြေးဆွဲသည့် လိုင်းကားဖြင့် ပါသွားကြောင်း ရွာသစ်ရွာနေ မတင်တင်ခိုင်မှ ၎င်းထံဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် မကွေး၊ မင်းဘူးနှင့် အမျိုးသမီး၏ဆွေမျိုးများထံ လိုက်လံရှာဖွေစုံစမ်းခဲ့သော်လည်း မတွေ့ရှိခဲ့သောကြောင့် မအေးစုကြည်အား ကူညီစုံစမ်းရှာဖွေပေးပါရန် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဦးမျိုးနိုင်က မင်းလှ မြို့မရဲစခန်းအား တိုင်ကြားခဲ့သောကြောင့် မင်းလှမြို့နယ် မြို့မရဲစခန်းက လူပျောက်အမှုစဉ် ၁/၂၀၁၅ ဖြင့် အမှုဖွင့်ထားပြီး စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

ဇနီးသည် ပျောက်ဆုံးမှုနှင့် ပက်သက်၍ "ကျွန်တော်တို့ အိမ်ထောင်သက် သက်တမ်း ၁၂ နှစ်ရှိပြီး လေးနှစ်အရွယ်ကလေး ဖုန်းပြည့်စုံသားတစ်ဦး ရှိပါတယ်။ ကျောင်းမနေရသေးပါဘူး။ သားလေးက အမေခဏလေး ပိုက်ဆံရှာသွားမယ်ဆိုပြီး ယခုအချိန်ထိ အိမ်ပြန်မလာဘူးလို့ခဏခဏ မေးနေတယ်။ ကျွန်တော့်ဇနီးက မွေးရာပါဘယ်ဘက်ခြေသူကြွယ်တို့ပါတယ်။ သူကိုင်ဆောင်တဲ့ မှတ်ပုံတင်က ၈/မကန(နိုင်) ၁၈၅၀၇၂၂ ဖြစ်ပါတယ်။ တွေ့ရှိသတင်းပေးသူကို ကျေးဇူးဆပ်မှာပါ။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ဦးမျိုးနိုင် ၀၉-၇၉၄၆၁၉၉၃၂ ဖြစ်ပါတယ်။" ဟု ဦးမျိုးနိုင်က ပြောသည်။

မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်အတွင်း ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း လူပျောက်မှု ၁၃ မှု ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ လူပျောက်မှုများတွင် အမျိုးသား ပျောက်ဆုံးမှုလေးမှု၊ အမျိုးသမီး ပျောက်ဆုံးမှု ကိုးမှုရှိသည့်အနက်မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပြန်လည်တွေ့ရှိခဲ့ပြီး လက်ကျန် ၁၁ မှုရှိကြောင်း၊ ထို ၁၁ မှုတွင် အမျိုးသမီးရှစ်ဦး၊ အမျိုးသားသုံးဦး ဖြစ်ပြီး အမျိုးသမီးရှစ်ဦး ပျောက်ဆုံးမှုတွင် အသက်(၆၅)နှစ်ကျော်သည့် အမျိုးသမီးတစ်မှုပါဝင်ပြီး ကျန်ခုနစ်မှုမှာ မကွေးခရိုင်အတွင်း လေးမှု၊ သရက်ခရိုင်အတွင်းနှစ်မှု၊ မင်းဘူးခရိုင်အတွင်းတစ်မှုတို့ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံး ရဲမှတ်တမ်းများအရသိရသည်။

(ကျော်ဇေယျ)

ကောက်ရ၍ လာရောက်အပ်နှံသည့်လက်ကိုင်ဖုန်း ပိုင်ရှင်စုံစမ်းရာပွေ့၍ ပြန်လည်ပေးအပ်

နေပြည်တော် မတ် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ကမ္ဘာလှည့်ခရီး သွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှတပ်ဖွဲ့ဝင်များထံသို့ မတ် ၉ ရက် နံနက် ၁၁ နာရီက ညောင်ဦးမြို့နယ် ဝက်ကြီးအင်းကျေးရွာနေ ဦးကျော်ဆန်းထွန်း(၄၃)နှစ် ရောက်ရှိလာပြီး ရွှေစည်းခုံဘုရား အရှေ့ဘက်မုခ်အနီး ကားလမ်းမပေါ်မှ ၎င်းကောက်ရခဲ့သည့် နိုင်ငံခြားခရီးသွားအမျိုးသမီးတစ်ဦး၏ ဓာတ်ပုံပါ Samsung အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးအား လာရောက်အပ်နှံခဲ့သည်။

အဆိုပါ လာရောက်အပ်နှံသည့်ဖုန်းအား ပိုင်ရှင်သို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက ဖုန်းအတွင်းပါရှိသည့် ဓာတ်ပုံဖြင့် ပုဂံ၊ ညောင်ဦးမြို့များရှိ ဟိုတယ်များနှင့် ဘုရားစေတီပုထိုးများတွင် လိုက်လံစုံစမ်းရှာဖွေနေစဉ် ယင်းနေ့ ညနေ ၅ နာရီတွင် ပုဂံမြို့ ယွန်းမြို့သူ ဟိုတယ်မန်နေဂျာဦးဘိုဘိုက ၎င်းတို့ဟိုတယ်၌ တည်းခိုနေသည့် ဂျာမနီနိုင်ငံသူ Mrs. Pourcelot သည် နံနက် ၁၀ နာရီခန့်က ရွှေစည်းခုံဘုရားဝန်းကျင်သို့ သွားရောက်စဉ် ဖုန်းတစ်လုံးကျပျောက်ခဲ့ကြောင်း ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် ယွန်းမြို့သူဟိုတယ်သို့သွားရောက်၍ တိုက်ဆိုင်စစ်ဆေးပြသခဲ့ရာ မှန်ကန်ကြောင်းသိရှိရသောကြောင့် လက်ကိုင်ဖုန်းအား ပိုင်ရှင်ဖြစ်သူ Mrs.Pourcelot ထံ သက်သေများရှေ့တွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ရဲမြန်ကြား)

လမ်းခင်းအလုပ်သမားများ တင်ဆောင်လာသောယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၊ ၃၂ ဦး ဒဏ်ရာရ

နေပြည်တော် မတ် ၁၂

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ယာဉ်တိမ်းမှောက်မှုမှ ဒဏ်ရာရလူနာများ ရောက်ရှိနေကြောင်း အကြောင်းကြားချက်အရ မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် စေတုတ္တရာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မင်းဘူး-ဂန့်ဂေါခရိုင်ချင်းဆက် ကားလမ်းအတိုင်း ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာမြို့သစ်နေ ရဲဇော်(ခ)ဇော်ရဲအောင်(၂၃)နှစ်မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တံခါးကြီးကျေးရွာနေ ယာဉ်နောက်လိုက် ရဲထက်အောင်(၁၈)နှစ်နှင့် လမ်းခင်းအလုပ်သမားများ လိုက်ပါလာသော ၅၈/---- လီဖန်းဖော အပြာရောင်ယာဉ်သည် မိုင်တိုင်အမှတ်(၂/၂-၃)ကြားကျောက်မွဲကျေးရွာအနီးအရောက် ရှေ့ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် ယာဉ်နောက်လိုက် ရဲထက်အောင်နှင့် မင်းဘူးမြို့နယ် မင်းလှကျင်းကျေးရွာနေ လမ်းခင်းအလုပ်သမား ဒေါ်လင်းလင်း(၄၀)နှစ်ပါ ကျား ၁၀ ဦး၊ မ ၂၂ ဦး စုစုပေါင်း ၃၂ ဦးတွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရှိရသောကြောင့် ရဲဇော်(ခ)ဇော်ရဲအောင်အား စေ တုတ္တရာမြို့မရဲစခန်းက ယာဉ်(ပ)၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲမြန်ကြား)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

မိုးညှင်းမြို့၌ မိုဘိုင်းဆက်သွယ်ရေး စခန်းခြောက်ခု တည်ဆောက်

မိုးညှင်း မတ် ၁၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်သူများအား မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး အရည်အသွေးပြည့်ဝစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် GSM BTS စခန်းခြောက်ခု တည်ဆောက်ထားရှိပြီး မိုးညှင်းမြို့၌ 2G/3G စနစ်သုံး စက်အမျိုးအစား တပ်ဆင်ထားကြောင်း ပြည်နယ်မန်နေဂျာ ဦးအောင်ဖြိုးမြတ်ကပြောသည်။

မိုးညှင်းမြို့နယ်၌ GSM BTS စခန်းခြောက်ခု တည်ဆောက်ထားရာ အဆိုပါစခန်းများမှာ မိုးညှင်း၊ ဟိုပင်၊ မော်ဟဲ၊ ဘီလူး၊ နန်းမာနှင့် လယ်ပုံကလေးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါစခန်းများအနက် မိုးညှင်းမြို့စာတိုက်ဝင်းအတွင်းရှိ GSM BTS စခန်းတွင် 2G /3G Network စနစ်သုံး Radio စက်အမျိုးအစားတပ်ဆင်ထားပြီး အခြားစခန်းငါးခုတွင် 2G Network စနစ်သုံး Radio စက်အမျိုးအစားများ တပ်ဆင်ထားရှိကြောင်း၊ Power အနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး Solar စနစ်တပ်ဆင်ထားပြီး နေရောင်မရရှိပါက ဒီဇယ်အင်ဂျင်ဖြင့် အစားထိုး သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

မကြာမီ Mini Miccro Link ဆက်ကြောင်းလိုင်းပြီးစီး၍ ဆက်ကြောင်း သုံးစွဲခွင့်ရရှိပါက GSM မိုဘိုင်းဖုန်းများ အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်ကြမည်ဖြစ်သည်။

"အရင်ကလို GSM ဖုန်းတွေ ခေါ်ဆိုလိုက်ရင် အရမ်းအခက်အခဲဖြစ်ပါတယ်။ အခုဆို အရင်လို အခက်အခဲတွေ လိုင်းကျပ်တာတွေလည်းမရှိတော့ဘဲ အလွယ်တကူ ပြောဆိုနိုင်ကြတော့မှာပါ"ဟု မိုးညှင်းမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(အော်တို၊ မိုဘိုင်း) တာဝန်ခံ ဦးခင်ဇော်က ပြောသည်။

ကေဆိုင်းနော်(ဖားကန့်)

ရေတာရှည်မြို့နယ်တွင် ကြက်ကောင်ရေ ၁၀၀ ကျော် သေဆုံးမှုဖြစ်ရခြင်းမှာ ရာသီဥတုပူပြင်းမှုကြောင့်ဖြစ်

ရေတာရှည် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီကျေးရွာအုပ်စု သရက်ကျေးရွာရှိကြက်ခြံတွင် မတ် ၂ ရက်က ၄၅ ရက်သား အသားစားကြက်ကောင်ရေ ၁၂၃ ကောင်သေဆုံးမှုမှာ ကူးစက်ရောဂါကြောင့် မဟုတ်ဘဲ ရာသီဥတုအပူချိန်ကြောင့်ဖြစ်ကြောင်း မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာကြည်လွင်က ပြောကြားခဲ့သည်။

ကြက်များသေဆုံးသည့် ကြက်ခြံအား တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ပြီး သေဆုံးကြက်နှစ်ကောင်အား ရောဂါစစ်ဆေးရှာဖွေနိုင်ရန် ရန်ကုန်မြို့ရှိ ဓာတ်ခွဲခန်းကိုပေးပို့ကာ ကျန်ကြက်များအားလုံးကို စနစ်တကျမြေမြှုတ်ပစ်ခဲ့သည်။ မတ် ၅ ရက်တွင် ပြန်လည်ပေးပို့သည့် ရန်ကုန်မြို့ရှိ ဓာတ်ခွဲခန်းမှ အဖြေအရ Rapid Test For Influerza (Typea)Negative ဟုဖော်ပြထားသည်။

"ဒီအချိန်မှာက အပူချိန်ပြင်းတော့ စက်နဲ့ရေဖျန်းပေးရတယ်။ ရေဖျန်းစက် ပျက်နေချိန်မှာ ကြက်တွေကအပူချိန်ကြောင့် တစ်ကိုယ်လုံးပူနေချိန်၊ အဲ့ဒီအချိန်မှာ ရေဖျန်းပေးလိုက်တော့ ရှော့ဖြစ်ပြီးသေကုန်တာ။ ကျန်တဲ့ကြက်တွေကအကုန်လုံးလန်းလန်းဆန်းဆန်းပါပဲ"ဟု ဒေါက်တာကြည်လွင်က ပြောသည်။

ရေတာရှည်မြို့နယ်တွင် မွေးမြူရေးမှတ်ပုံတင်ထားသော အသားစားကြက်ခြံ ၈၁ ခြံ ကြက်အကောင်ရေ ၇၄၆၅၀၊ ဥစားကြက်ခြံငါးခြံ၊ ကြက်အကောင်ရေ ၁၀၆၅၀၊ ငုံးဥစားခြံနှစ်ခြံ အကောင်ရေ ၁၁၇၀၀၊ ဝက်မွေးမြူရေးခြံ နှစ်ခြံ၊ အကောင်ရေ ၄၁ ကောင် မွေးမြူထားကာ ဇီဝလုံခြုံရေးမြှင့်တင်ခြင်းနှင့် ပညာပေးဟောပြောခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တောင်တွင်းကြီးမြို့နယ် မထီ–စံပြ–အင်ကျင်းကုန်း–မင်းကြီးရောင် ကျေးရွာချင်းဆက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်

တောင်တွင်းကြီး မတ် ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ် ၉၁၇ သိန်းဖြင့် အရှည် နှစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၈ပေ၊ အမြင့်ကိုးလက်မရှိ တောင်တွင်းကြီးမြို့နယ် မထီ-စံပြ-အင်ကျင်းကုန်း-မင်းကြီးရောင်ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်း အဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် အဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို မတ် ၉ ရက် ညနေပိုင်းက ကြည့်ရှုပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ လမ်းအရည်အသွေးကောင်းမွန်ရေးတို့အတွက် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ လမ်းပြီးစီးပါက ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၁၅ ရွာတို့မှ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူစုစုပေါင်း ၇၀၀၀ကျော်တို့ အချိန်မရွေး အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။ ဒေသထွက်ကုန်များကို ဈေးကွက်ရှိရာ မြို့နယ်များသို့ ပို့ဆောင်နိုင်ကာ ကုန်စည်စီးဆင်းမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ကျေးလက်ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ အစရှိသည့် ဒေသဖွံ့ဖြိုးမှုကို များစွာ အထောက်အကူဖြစ်စေကြောင်း အင်ကြင်းကုန်းကျေးရွာမှ ဦးဇော်မိုးက ပြောသည်။

နိုင်ဝင်း

2015 သက်ရန် YOUR SINGAPORE ကိုးဒီနဲ့ GO ပြီ

ဝန်ကောက် – ပတ္တရား (7D/6N) April-13~19 USD-720
ဂျပန် (9D/8N) USD-2700 April-12~20
ကူပင်း – ပေကျင်း – ရှန်ကိုင်း(8D/7N) April-12~19 USD-1700
ပကာအို – ဟောင်ကောင် (8D/7N) April-13~20 USD-1750
ဘာလီ + စင်ကာပူ (7D/6N) April-13~19 USD-1500
ကိုရီးယား (8D/7N) USD-1980 April-13~20
အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734

ရန်ကုန်မြို့ရဲ့ ပထမဦးဆုံးသော မြို့များပါဝင်တဲ့ လမ်းညွှန်
စီးပွားရေးလုပ်ငန်းလိပ်စာ ၁၂၀,၀၀၀ ကျော်
စီးပွားရေးကြော်ငြာ ၅,၅၀၀ ကျော်
လုပ်ငန်းအမျိုးအစား ၈၀၀ ကျော်
Value Plus
မြို့တိုင်းမှာ အသုံးပြုနေကြဖြီ...
YANGON MANDALAY BUSINESS DIRECTORY DESK TOP APP 2015
YBD YANGON BUSINESS DIRECTORY 2015
REALLY USEFUL DIRECTORY!
တကယ် အသုံးတည့်တဲ့ လမ်းညွှန်
2015 YANGON BUSINESS DIRECTORY
WWW.MYANMARBUSINESSDIRECTORY.COM
Printed in Times Printer (Singapore)

ယာဉ်မောင်းအမြန်အလိုရှိသည်
(၈ မိုင်ခွဲ)
ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၄၂၀၃၁၅၆၆၄

ဂျပန်စာ
လေ့လာနေသူများအတွက်
ဂျပန်စာ ၃လမြတ်(4Skills) (၁၅၀၀၀/ကျပ်)
ဂျပန်စကားပြော ၂လ (၃၀၀၀၀/ကျပ်)
N5, N4, N3, N2, N1 စာမေးပွဲလေ့ကျင့်မှု၊ လုပ်ငန်းသုံးဂျပန်စကားပြော /အင်တာဗျူးအမြန်
JLPT , NAT-TEST စာမေးပွဲအနီးကပ်
နေ့ ၃လ / ၂လ တန်းခွဲသစ်များဖွင့်ပြီ။
ဂျပန်စာမေးပွဲအတွက်စာအုပ်သစ်များ၊ မေးခွန်းဟောင်းများ၊ သီချင်းစာအုပ်+သီချင်းခွေ၊ စကားပြောစာအုပ်+အခွေများ ရောင်းသည်။
EVER TOP
ဘာသာစကားသင်တန်းကျောင်း
အမှတ်(၆၆/၆၈)၊ ၅လွှာ၊ အင်းစိန်လမ်း၊ ကမာရွတ်
(စံရိပ်ပြိမ်မှတ်တိုင်/လှည်းတန်းအနီး)
Ph: 098770096, 0973040610

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၁/ကံဘဲ၊ မြေကွက်အမှတ် -၃/၁၃၈၊ မြေကွက်တည်နေရာအမှတ်-၃/၁၃၈၊ သဇင်ဖြူ(၃)လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ဒေါ်သိဂီဟန်(၁၂/စခန(နိုင်)၀၀၆၃၁၇)အမည်ပေါက်၊ (၁)နှစ်ယာယီမြေ (၁-၆-၀၉)မှ (၃၁-၅-၁၀)ထိ မြေအားအမည်ပေါက် ဒေါ်သိဂီဟန်ထံမှ (၁၀-၆-၂၀၀၇) ရက်စွဲပါအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ရိုးကေသီ (၁၂/ပဘတ(နိုင်)၀၁၂၁၇၃) က နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း တန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆရာဝန်စကား နားထောင်စား

à 0Dvef*Fvkd(Mya')

ဆေးခန်း မသွားချင်သူ

ကျန်းမာရေးမကောင်းလျှင် ဆရာဝန်နှင့် တွေ့ရမည်။ ဆေးခန်းသွားရမည်။ ဆေးစစ်ရမည်။ ရောဂါအခြေအနေကြည့်၍ ဆရာဝန်က ဆေးပေးမည်။ ဆေးညွှန်းအတိုင်းဆေးမှန်မှန်သောက်ရမည်။ အသိခေါက်ခက် အဝင်နက်ဆိုသလို သိသိနှင့် ဆေးခန်းသွားရမည်ကို မသွားချင်။ ဆေးခန်းမသွားချင်သူ တွေထဲမှာ ရှေ့တန်းက ကျွန်တော်ပါသည်။ ဆေးပိုးတွေ၊ စမ်းသပ်ခတွေ ဈေးကြီးတာလည်း ပါသည်။ ဆရာဝန်များ၏ ညွှန်ကြားချက်၊ အကြံပေးချက်များကို ဂရုမမူတာလည်းပါသည်။ မှားမည်။

ဆေးမှတ်တမ်းစာအုပ်

ဆေးရုံ၊ ဆေးခန်းသွားလျှင် ဆေးမှတ်တမ်း စာအုပ်ရှိစမြဲ။ ရောဂါဆေးဝါးမှန်သမျှဖြစ်သမျှ ကျိုးကြောင်းစုံရာဇဝင်ကို ဆရာဝန်က ဆေးမှတ်တမ်းရေးရသည်။ မှတ်တမ်းတင်ရသည်။ နောက်တစ်ခေါက်လာလျှင် ဤစာအုပ်ယူလာပါဟု အမြဲပြောသည်။ ဆရာဝန်၊ ဆေးခန်းပြောင်းလျှင် ဆေးမှတ်တမ်းစာအုပ် ပြောင်း၍ ပြပါ။ လူနာနှင့်အတူ အမြဲဆေးမှတ်တမ်းစာအုပ်ရှိနေရမည်။ ဆရာဝန်တွေ့တိုင်း ဆေးမှတ်တမ်းစာအုပ်ပြရမည်။ သို့မှလည်း ရောဂါသိမည်။ ရောဂါသိမှ ဆေးရှိမည်။ ဆေးမှတ်တမ်းစာအုပ် မပျောက်စေနှင့်။

ကိုလက်စထရော များသည်ဖြော

ဆရာဝန်ကြီးများ၏ စစ်ဆေးချက်၊ အကြံပြုချက်များသည် အရေးကြီးလှပါ၏။ ကျွန်တော်၏ မိသားစုဆရာဝန်ဒေါက်တာ ခင်မောင်ဦးက ကျွန်တော့်မှာ ကိုယ်လက်စထရောများသည်ဟု ပြောပါသည်။ အစားအသောက်သတိပြုရန်၊ ဆောင်ရန်၊ ရှောင်ရန်များမှာကြားပါသည်။ ဆေးစာလည်း ရေးပေးလိုက်ပါသည်။

> အသိခေါက်ခက် အဝင်နက်ဆိုသလို သိသိနှင့် ဆေးခန်းသွားရမည်ကို မသွားချင်။ ဆေးခန်းမသွားချင်သူတွေထဲမှာ. . . . . .

အစားသောင်းကျန်းသော ကျွန်တော့်အနေဖြင့် ဆင်ခြင်စရာတွေလည်း မှာကြားလိုက်ပါသည်။ ဆေးစာအုပ်မှတ်တမ်းလည်းရေးပေးလိုက်သဖြင့် ကျွန်တော် ပျော်သွားပါသည်။ ဆရာဝန်စကား နားထောင်စားရတော့မည်။ ကိုယ်စားချင်တာ၊ အစားမငမ်းဖို့ အရေးကြီးမည်။ "အသက်ဉာဏ်စောင့်" ဟု ဆိုရိုးရှိသည်။

ဒေါက်တာလှကြည်ရေးသော "စားသောက်နည်း" စာအုပ်

ကျွန်တော့်စာအုပ်စင်တွင် ဒေါက်တာ လှကြည်ရေးသော "နှလုံးနှင့်သွေးကြောရောဂါများကာကွယ်ထိန်းသိမ်းရေးအတွက် မှန်ကန်သည့် စားသောက်နည်း" စာအုပ်ရှိသည်။ ဖတ်ကြည့်ရာ စိတ်ဝင်စားဖွယ် အောက်ပါအချက်များ တွေ့ရသည်။ ဘဝတူ မိတ်ဆွေများကို သိစေလိုသည်။

ကိုလက်စထရောဆိုတာ ဘာလဲ

ကိုလက်စထရော (CHOLESTEROL) ဆိုသည်မှာ ခန္ဓာကိုယ်ဇီဝကမ္မလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သော အဆီဓာတ် တစ်မျိုးဖြစ်သည်။ အီစထရိုဂျင် (OESTROGEN) စသည့် ဟော်မုန်းများ၊ ဗီတာမင်ဒီ (VITAMIND) စသည့် ခန္ဓာကိုယ်ဓာတ်ပေါင်းများ ထုတ်ရာတွင် လိုအပ်သည့် အဆီဓာတ်တစ်မျိုးလည်းဖြစ်သည်။ နေ့စဉ် စားသည့် အစားအစာများက ရနိုင်သလို ခန္ဓာကိုယ်(အသည်း)၌လည်း အစာများကရရှိနိုင်ပြီး ခန္ဓာကိုယ်(အသည်း)၌လည်း ထုတ်လုပ်သည်။

အစားအစာအမျိုးမျိုးတွင် ပါဝင်သည့် ကိုယ်လက်စထရောပမာဏကို ဇယားဖြင့် ဖော်ပြသည်။ မှတ်ဖို့ လွယ်ပါသည်။ အောက်ပါအတိုင်း ရှုပါ။

အစားအစာအမည်	အစားအစာအလေးချိန်	ပါဝင်သည့် ကိုလက်စထရော
အမဲကျောက်ကပ်	ငါးကျပ်သား	၂၉၄ မီလီဂရမ်
ဝက်ကျောက်ကပ်	ငါးကျပ်သား	၂၈၆ မီလီဂရမ်
အမဲအသည်း	ငါးကျပ်သား	၂၇၄ မီလီဂရမ်
ဝက်အသည်း	ငါးကျပ်သား	၂၆၅ မီလီဂရမ်
ဝက်အဆုတ်	ငါးကျပ်သား	၂၅၁ မီလီဂရမ်
ဝက်အမြစ်(အစာအိမ်)	ငါးကျပ်သား	၁၅၂ မီလီဂရမ်
အမဲ(နွား)နှလုံး	ငါးကျပ်သား	၁၁၀ မီလီဂရမ်
ဝက်လျှာ	ငါးကျပ်သား	၇၇ မီလီဂရမ်
ကြက်ဥ	တစ်လုံး(၅၀ဂရမ်)	၁၉၈ မီလီဂရမ်
ကြက်ဥအနှစ်	တစ်လုံး(၁၅ဂရမ်)	၁၉၀ မီလီဂရမ်
ငါးရွှံ့	ငါးကျပ်သား	၁၄၉ မီလီဂရမ်
ပုစွန်ကျော့	ငါးကျပ်သား	၁၆၆ မီလီဂရမ်
ပုစွန်တုပ်	ငါးကျပ်သား	၁၂၂ မီလီဂရမ်
ဆာလမွန်ငါး	ငါးကျပ်သား	၇၀ မီလီဂရမ်
ကြက်သား	ငါးကျပ်သား	၇၅ မီလီဂရမ်
ဆိတ်သား	ငါးကျပ်သား	၆၇ မီလီဂရမ်
ငန်းသား၊ ဘဲသား	ငါးကျပ်သား	၆၂မီလီဂရမ်
အမဲသား	ငါးကျပ်သား	၅၈ မီလီဂရမ်
ဝက်သား	ငါးကျပ်သား	၅၆မီလီဂရမ်
ထောပတ်	နှစ်ကျပ်ခွဲသား	၁၉၂ မီလီဂရမ်
မလိုင်	တစ်ပွဲ(ငါးကျပ်သား)	၁၅၀မီလီဂရမ်
အိုက်စကရင်	တစ်ပွဲ(ငါးကျပ်သား)	၆၀မီလီဂရမ်

အနည်းဆုံးကန့်သတ်ချက်မရှိ

တစ်နေ့လျှင် ကိုယ်လက်စထရောအနည်းဆုံး မည်မျှစားရမည်ဟု ကန့်သတ်ချက်မရှိ။

> ယနေ့ အီကြာကွေးကြော်သည့်ဆီ။ နောက်နေ့ နောက်နေ့ အကြိမ်ကြိမ်ပြန်ကြော်သည့်ဆီ။ အဆိုပါဆီများသည် . . . . . .

အများဆုံးကန့်သတ်ချက်

တစ်နေ့လျှင် အများဆုံး သုံးရာ မီလီဂရမ်ထက် မပိုသင့်။ (ပညာရှင်များသတ်မှတ်ခြင်း ဖြစ်ပါ၏။)

ဟင်းချက်ဆီများကို အကြိမ်ကြိမ် ကြော်ချက်ခြင်း

အကြိမ်ကြိမ် ကြော်ချက်ခြင်းဆိုတာ ဘာလဲ။ ဥပမာ-ကြက်ကြော်ထားသည့်ဆီကို သိမ်းထားပြီး ငါးကြော်ရာတွင်ပြန်သုံးခြင်း။ ထို့နောက် ဘဲဥကြော်ရာတွင် ထပ်မံသုံးခြင်းတို့ကို ဆိုလိုသည်။ ဆိုင်များတွင် ယနေ့ အီကြာကွေးကြော်သည့်ဆီ၊ နောက်နေ့ နောက်နေ့ အကြိမ်ကြိမ်ပြန်ကြော်သည့်ဆီ အဆိုပါ ဆီများသည် TRANS FATTY Acid များဖြစ်လာနိုင်သည်။ သွေးအတွင်း ကိုယ်စထရောပမာဏမြင့်စေသည်ဟု အဓိပ္ပာယ်ရပါသည်။

နှလုံးသွေးကြောရောဂါဖြစ်နိုင်မှု အန္တရာယ်

သွေးအတွင်း၌ ကိုလက်စထရောမြင့်နေပြီ။ အကောင်းအဆိုးနှစ်မျိုးရှိသည်ဟုဆိုသည်။ ချို့ယွင်းနေပြီဆိုပါက နှလုံးသွေးကြောရောဂါ ဖြစ်ပွားနိုင်မှုအန္တရာယ်ကို ရှေးရှုသည်ဟု ဆိုသည်။ ထိုအခါ ကျွမ်းကျင်သောဆရာဝန်များ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာသင့်ကြကြောင်း ကျွန်တော်မှတ်သားရပါသည်။ ပြည့်ပြည့်စုံစုံ၊ ဆေးသုတအကျယ်ကို ဒေါက်တာ လှကြည်၏ စာအုပ်တွင် ဖတ်ရှုလေ့လာနိုင်ပါမည်။

ကျွန်တော်ဆရာဝန်မဟုတ်ပါ

ကျွန်တော် ဆရာဝန်မဟုတ်ပါ။ ကျန်းမာရေးသုတ ရှာဖွေမှတ်သားသူတစ်ဦးသာဖြစ်ပါသည်။ ဆေးစာအုပ်တွေ့လျှင် ခက်ခက်ခဲခဲကြီးတွေနားမလည်ပေမယ့် ပြည်သူအများနားလည်စရာတွေကိုတော့ ကျွန်တော် သိရသလို တစ်ပါးသူတွေသိစေချင်တာပါ။ ထို့ကြောင့် ဤသို့ မျှဝေလိုက်တာပါ။ ဆရာဝန်စကားနားထောင်စားပါ။ ။

အောင်စကြာ ဓမ္မရိပ်သာ (လမ်းမတော်) သင်္ကြန် (၇) ရက်တရားစခန်းပွဲ (၂၀၁၅၊ ဧပြီ ၁၁ မှ ၁၇)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ အောင်စကြာဓမ္မရိပ်သာ၌ (၃၈) ကြိမ်မြောက် (၇) ရက်တရားစခန်းကို (၁၁၊ ၄၊ ၂၀၁၅) မှ (၁၇၊ ၄၊ ၂၀၁၅)ထိ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော်ကိုယ်တိုင် ဟောကြားပြသပါမည်။ ဒုလ္လဘ သာမဏေငယ်တစ်ပါးအတွက် သင်္ကန်းပရိက္ခရာအစုံ ရှစ်ထောင်ကျပ်။ ရှင်ကြီး တစ်သောင်းကျပ်။ရဟန်း တစ်သောင်းငါးထောင်ကျပ်ဖြင့် ဒုလ္လဘခံယူနိုင်ကြပါသည်၊ တရားစခန်းဝင်ယောဂီသည်အထွေထွေစရိတ် တစ်သောင်းကျပ် လျှူဒါန်းရပါမည်။ယောဂီဦးရေ ၅၀၀ သာလက်ခံပါမည်။ဒုလ္လဘဝတ်ကြမည့် ရှင်လောင်း ရဟန်းလောင်း သီလရှင်လောင်းများသည် ဧပြီ ၁၀ ရက်နေ့မွန်းတည့်၁၂ နာရီအရောက်။ တရားစခန်းဝင်မည့်ယောဂီများသည် ဧပြီ ၁၀ ရက်နေ့ ညနေ ၅ နာရီအရောက် ရိပ်သာသို့ဝင်ကြရပါမည်။ ဧပြီ ၈ ရက်နေ့နောက်ဆုံးထားပြီး စာရင်းပေးကြပါရန်။ အရှင်ဇာဆွမ်း နှစ်သိန်းရှစ်သောင်းကျပ်။ နေ့ဆွမ်း လေးသိန်းကျပ်။ အချိုပွဲ တစ်သိန်းနှစ်သောင်းကျပ်။ ဖျော်ရည် ရှစ်သောင်းကျပ်ဖြင့် လျှူဒါန်းနိုင်ပါသည်။ ဖုန်း ၀၁ ၂၂၄၈၈၁ သို့ ဆက်သွယ်စုံစမ်းကြပါရန်။

အိမ်တိုင်ရာရောက် ပို့ပေးရန် မှာကြားလိုလျှင် Novel Light Express တယ်လီဖုန်း-၀၉ ၅၀၈ ၀၈၅၀၊ ၀၁ ၈၆၁၉ ၄၂၂၈ သို့လည်းကောင်း၊ တစ်ဆင့် ပြန်လည်ရောင်းချလိုလျှင် Myanmar Heritage တယ်လီဖုန်း-၀၁ ၂၄၃၈၉၃၊ ၃၉၈၁၄၀ သို့လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပကတိအခြေအနေများ၊ ပဋိပက္ခများဖြေရှင်းရေးနှင့်ပတ်သက်၍ ရှည်းကပ် ဆွေးနွေးတင်ပြထားပြီး ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခြေအနေများကို လေ့လာ သုံးသပ်တင်ပြထားသည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် မြန်မာ့နိုင်ငံရေး အတွေးအမြင်

အနာဂတ် မြန်မာ့နိုင်ငံရေးအတွက် မြောက်မှင့် ဆိုင်ဆိုင် မဆိုင်ဆိုင်၊ သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသား ဒီမိုကရေစီအခွဲချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့၏ တစ်ဦးချင်းစီ အမြင်၊ ရပ်တည်ချက်၊ ခံယူချက်နှင့် သဘောထားများကို ဖော်ပြထားသည့်

ကြီးလေးကြီး/တွေ့ဆုံခြင်း

မမျော်လင့်သော ခရီးရှည်

(ဗိုလ်ချုပ်ကြီးစိုးဝင်း၏ အတ္ထုပ္ပတ္တိ)

- ထိပ်ပိုင်းခေါင်းဆောင် ဖြစ်ဟာချိန်တွင် လုပ်ဆောင်ရသည့် တာဝန်ဝတ္တရားများ။ စာရင်းဇယား အချက်အလက်များ၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ကိစ္စများအပါအဝင် အောက်ခြေမှ မမှန်မကန် တင်ပြခဲ့မှုများကြောင့် အခက်တွေ့ရပုံကိုလည်း..... (ထွန်းနိုင်၊ 7Days)
- ဒေါ်အောင်ဆန်းစုကြည်အပေါ် တပ်ရဲ့သဘောထား။ ၁၉၈၈ အရေးအခင်းနှင့် တာဝန်ယူခဲ့ရမှုများ အပါအဝင် ကိုးဦးမြောက် နိုင်ငံခန့်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးစိုးဝင်း အတ္ထုပ္ပတ္တိ (မြန်မာသံတော်ဆင့်)
- ဒေသုဠဉ်ခြင်းဆိုတဲ့ ချစ်စရာကောင်းတဲ့ စကားလုံးသစ်လေးတစ်လုံးလည်း ဒီတာအုပ်က ရလိုက်ပါတယ်။ ပြည်သူနဲ့ တစ်သားတည်းခြစ်လိုတဲ့ ခေါင်းဆောင်ဆိုတာ ဒီလိုအမှုအကျင့်မျိုးလေးတော့ ရှိဖို့ လိုပါတယ်။ (ဦးမြအေးဒိန်၊ လျှပ်တစ်ပြတ်)
- ဘာပဲပြောပြော ယနေ့နိုင်ငံရေးပြဿနာတွေအတွက် ယုတ်လျော့ ရန်ငိုစရာများ ရှိလိမ့်မည်ဟု စိတ်က ထင်မိနေပြန်သေးသည်။ (မေ၀ေလင်းဦး၊ The Voice)
- Like Thein Sein, Soe Win was viewed as one of the least corrupt generals of the kleptocratic regime, and was known to live a simple life style. When he tried to tackle corruption after becoming prime minister, his civil officials advised him to "fix the roof," a reference to high-level complicity,..... Aung Zaw (Irrawaddy)

အာနန်းဆက်ဝတ္ထု

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတင်ထွန်းသိုက်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တင်္ကသိုလ်ဘုန်းနိုင်

၉-၃-၂၀၁၅ ရက်မှအဆက်

ခိုင်သည် ရာဘာသီးခြောက်ကို အလွန်သဘောကျသည်။ ရာဘာသီးခြောက်သည် မျောက်ခေါင်းနှင့်သဏ္ဌာန်တူသည်။ မျက်စိနေရာ၊ ပါးစပ်နေရာ၊ နှာခေါင်းနေရာ အကုန်ပါသည်။ ရှိပြီးသား မျက်နှာအင်္ဂါရုပ်နေရာတို့တွင် ခဲတံရောင်စုံဖြင့် ထပ်မံအရာဖော်ပေးလိုက်သောအခါ ပြူးကြောင်ကြောင် စပ်ဖြဲဖြဲဖြင့် အသည်းယားစရာလည်း ကောင်း၍ ချစ်စရာလည်းကောင်းသော မျောက်မျက်နှာပိစိသသပေါ်လာသည်။

ခိုင်နှင့်အတူ ကျောင်းသွားရသည်မှာ ပျော်စရာကောင်းသည့်အခါလည်း ကောင်းသည်။ စိတ်ညစ်စရာကောင်းသည့်အခါ လည်း ကောင်းသည်။

ကျွန်တော်တို့ကျောင်းလမ်းနှင့် ဂါတ်တဲဝင်းကြားတွင် ရှည်လျားသော ကုန်းမြင့်သွယ်သွယ်ကြီးတစ်ခုရှိသည်။ ၎င်းကုန်းမြင့်ကြီးမှာ မီးရထားလမ်းဟောင်းကြီးဟု ကျွန်တော်တို့ သိရသည်။

ခိုင်နှင့် ကျွန်တော်သည် ကျောင်းသို့ ရိုးရိုးတန်းတန်း မသွား။ လိုက်တမ်းပြေးတမ်းကစားရင်းသွားလေ့ရှိသည်။

ခိုင်ပြေးလှည့်ရောက်သော် ခိုင်က တည့်တည့်မတ်မတ် စွတ်ပြေး၍ ကျွန်တော်က ခဏချင်းဖမ်းမိသည်။ ကျွန်တော် ပြေးလှည့်ရောက်သော် မီးရထားလမ်းဟောင်း ကုန်းရိုးတန်းပေါ် သို့ တက်ပြေးသည်။ မီးရထားလမ်းကုန်းရိုးတန်းပေါ်ရောက်မှ ကျွန်တော်က ရပ်စောင့်သည်။ ပင်ပင်ပန်းပန်းဖြင့် ခိုင်တစ်ယောက် ကုန်းရိုးပေါ်ရောက်မှ ကျွန်တော်က ကုန်းအောက်သို့ အရှိန်နှင့် ခုန်ပေါက် ပြေးဆင်းသည်။ ခိုင်ဆင်းလိုက်သောအခါ ကျွန်တော်က ကုန်းပေါ်သို့ ပြန်တက်ပြေးပြန်သည်။ မလိုက်နိုင်သောအခါ ခိုင်သည် မြေပြင်တွင် ထိုင်ချ၍ ငိုမဲ့မဲ့ဖြင့် စိတ်ကောက်နေတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်က သူ့အနား တမင်သွား၍ အမိခံရသည်။ ဤသို့အမိခံတော့မှ ခိုင့်မျက်နှာလေးသည် ချက်ချင်း ပြန်လည်ပြုံးရွှင်လာတတ်၍ နေရာမှ ထလေ့ရှိသည်။

"နေဦးနော် မောင်၊ အဲဒီနေရာက မရွှေ့နဲ့ ခိုင်က စိန်ခေါ်မှ လိုက်ရမယ် သိလား . . . "

ဤသို့ပြောပြီး ခိုင်သည် ကုန်းပေါ်သို့ရောက်အောင် ပြေးတက်သွားသည်။ ကုန်းထိပ်ရောက်မှ အောက်မှာရှိသော ကျွန်တော့်ကို ပြုံးပြုံးကြီး ပြန်ကြည့်ကာ လျှာထုတ်ပြရင်း "မောင်ရေ . . . မောင်ရေ . . . စိန် . . . စိန် . . . "ဟု မထီလေးစားဟန် နောက်ပြောင်ခေါ်တတ်သည်။

ကျွန်တော်သည် ကုန်းပေါ်သို့ လေးငါးဆယ်လှမ်း တအား ပြေးတက်ဟန်ပြုသည်။ ထိုအခါ ခိုင်က အလန့်တကြား ဟစ်အော်ရင်း ကုန်းအောက်သို့ ပြေးဆင်းသည်။ ဉာဏ်သမား ကျွန်တော်က ကိုယ်ရှိန်သတ်ပြီးဖြစ်နေသဖြင့် ခိုင် ပြေးဆင်းသည်ကို တွေ့သည်နှင့် တစ်ပြိုင်တည်း ကိုယ်ကို လှည့်ကာ တစ်ဟုန်ထိုး ပြေးဆင်းအမိဖမ်းသည်။ ခိုင့်ကိုယ်လေးကို သိုင်းဖက်ကာ ဖမ်းမိသည်ခဏ၌ ခိုင်ရော ကျွန်တော်ပါ မြေပြင်သို့ လုံးထွေး၍လိမ့်ကျသွားသည် ။

မည်မျှနာနာ ကျွန်တော်တို့ မငိုကြ။ တစ်ယောက်ကို တစ်ယောက်ဖက်ရင်း တခစ်ခစ် ရယ်မောကြသည်။

" မောင်က မကောင်းဘူး ဉာဏ်များတယ် "

" အို . . . မောင်က ဘာဉာဏ်များလို့လဲ "

" မောင်ပြေးတုန်းကတော့ ခိုင်က ကောင်းကောင်းလိုက်ခဲ့တယ်၊ မောင့်ကျတော့ ဉာဏ်များတယ် . . . "

ကျွန်တော်က သဘောကျစွာ တဟဲဟဲ ရယ်မောသည်။

" ကောင်းပြီလေ၊ ခိုင် ပြန်ပြေးမလား။ မောင် ကောင်း ကောင်းလိုက်မယ် . . . "

" ဟင့်အင်း . . . တော်ပြီ . . . ခိုင်မောပြီ . . . "

ခိုင်မောလျှင် ကျွန်တော်က ဆက်မကစား။ တစ်ယောက်ကိုယ်တွင် ပေနေသော ဖုန်များကိုတစ်ယောက်က စင်ကြယ်အောင်သုတ်ပေးရင်းကျောင်းဆက်လာတတ်ကြ၏။

စိတ်ညစ်စရာကောင်းသည်မှာ တစ်ခါတစ်ရံ အဓိပ္ပာယ်မရှိသောမဟုတ်တာလုပ်ချင်သောခိုင့်ကြောင့်သာဖြစ်သည်။

ကျွန်တော်တို့ကျောင်းနှင့် မလှမ်းမကမ်း၌ ချောက်ကြီးတစ်ခုရှိသည်။ ချောက်ကြီး၏ မြေနံရံတွေမှာ နီနီဝါဝါရှိပြီး အောက်ခြေ၌ မိုးတွင်းဆိုလျှင် နီဝါသောရေများရှိတတ်သည်။

ခိုင်သည် မပြောမဆိုဘဲ ငေါထွက်နေသော ကမ်းပါးစွန်းသို့ ပြေး၍သွားတတ်သည်။ ကမ်းပါးအစွန်အဖျားတွင် အသည်းယားဖွယ်ရပ်ရင်း အောက်သို့ ငုံ့ကြည့်တတ်သည်။

" ခိုင် . . . ခိုင် . . . ဘာလုပ်တာလဲ လိမ့်ကျလိမ့်မယ် "

ကျွန်တော်က သတိပေးလျှင် ခိုင်က အစွန်ဘက် ပိုတိုးလေ့ရှိသည်။ ကျွန်တော်က ခိုင့်အနားကပ်ကာ သူ့လက်ကလေးကို အတင်းဆွဲခေါ်ရသည်။

" ခိုင် ဘာလုပ်တာလဲ . . . လိမ့်ကျလိမ့်မယ် "

ခိုင်သည် မပြုံးသည်လည်းမဟုတ်၊ ပြုံးသည်လည်း မဟုတ်သော မျက်နှာလေးဖြင့် ကျွန်တော့်ကိုမျက်မှောင်ကြုတ်ကြည့်ရင်း ပြန်ဖြေသည်။

" ခိုင့်ဘာသာ ခိုင် လိမ့်ကျသွား ဘာဖြစ်လဲ "

ကျွန်တော်သည် ခိုင့်ကို စိတ်အနည်းငယ်ဆိုးစွာ ပြန်ကြည့်မိ၏။

" ခိုင်က လိမ့်ကျရဲပေမယ့် . . . မောင်ကမှ ခိုင့်ကို လိမ့်မကျစေချင်ဘဲကိုး . . . "

ခိုင်သည် အလွန်တတ်နိုင်သော ကောင်မလေးဖြစ်သည်။ ကျွန်တော် စိတ်ဆိုးမှန်းသိသောအခါ ခစ်ကနဲရယ်ကာ ချော့သယောင် ဆင်ခြေပြန်ပေးသည်။

"မောင်ကလည်း အလကား စိတ်ဆိုးတယ်၊ ခိုင်ကကော လိမ့်ကျရဲလို့လား၊ကဲ . . . "

သူ့စကားနှင့် သူ့အမူအယာကြောင့် ကျွန်တော်က စိတ်ပြေပြီး ပြန်ရယ်သောအခါ ခိုင်သည် တစ်မျိုး ကွန့်လာပြန်သည်။

" အဲဒီချောက်ကြီးအောက် ဆင်းကြည့်ကြရအောင် "

"အို ခိုင်ကလည်း မဟုတ်က ဟုတ်က၊ ဘာလုပ်ဖို့ဆင်းမှာလဲ . . . "

"ဟိုအောက်မှာ ရေတွေ ရှိတယ်၊ သွားဆော့ရအောင် "

"ဒီပေါ်က မြောင်းတွေမှာလည်း ရေတွေ ရှိတာပဲ။ ခိုင် ဆော့ချင်ရင်ဆော့ပေါ့။ ဒါပေမယ့် အကျီတွေ ပေကုန်မယ် "

" ဟင့်အင်း . . . အဲဒီထဲက ရေတွေ ဆော့ချင်တယ်၊ မောင် မလိုက်ချင်နေ . . . ခိုင်ဆင်းမယ်"

အမှန်က ကလေးများအမြင်၌ ချောက်ကြီးဖြစ်သော်လည်း စင်စစ်တော့မူ လူအရပ် နှစ်ပြန်သာသာ,သာနက်သည်။

ခိုင်သည် ပြောမနိုင် ဆိုမရ။ သူလွယ်အိတ်ကလေးကို ကျွန်တော့်အနီး ပစ်ပေးခဲ့၏။ နိမ့်လျှောရာဘက်မှနေ၍ ချိုင့်တွင်းသို့ ကုတ်ကတ်ဆင်းသည်။ ကျွန်တော်သည် စိတ်တိုတိုရှိသဖြင့် ဆင်းမလိုက်ဘဲ အပေါ်၌သာ အော်ပြောသည်။

" ခိုင်ပြန်မလာဘူးလား . . . ဒါပဲနော် . . . မောင် ကျောင်းသွားနှင့်မယ် "

ကျွန်တော်ဘာပြောပြော သူ့ကို တားမရမှန်းသိသဖြင့် ခိုင်သည် ချောက်တွင်းသို့ ဆက်ဆင်းသည်။ချောက်အောက် ရောက်သွားသောအခါ နီဝါသော ရွှံ့ရေများကို လက်နှင့် စမ်းဆော့ရင်း ကျွန်တော့်ကိုလှမ်းခေါ်သည်။

" မောင်ရေ . . . ဆင်းခဲ့၊ ရေတိမ်တိမ်လေးရယ် . . . ဟယ် . . . ဟောဒီမှာ ခရုလေးတွေလည်း ရှိတယ် "

ခိုင်က ကျွန်တော့်ကို သူ့ဆီ ခေါ်သကဲ့သို့ ကျွန်တော်က လည်း ခိုင့်ကို ပြန်ခေါ်သည်။

"မိုခိုင် တက်ခဲ့တော့ . . . ၊ကျောင်းတက်နောက်ကျနေဦးမယ် . . . "

ခိုင်သည် ကျွန်တော်ပြောသည်ကို မမှုဘဲ မျက်စိမှိတ်ပြောင်ပြကာ ရေစပ်တွင် ဟိုပြေးသည်ပြေးနှင့်ဆက်ဆော့နေသည်။

" ခိုင် . . . ဒါပဲနော် . . . ၊ကျောင်းကျရင် ဆရာမကိုလည်း တိုင်မယ် . . . ။ အိမ်ကျရင်လည်း အန်တီ့ကို ပြန်တိုင်မယ် "

ဤသည်ကိုလည်း ခိုင်မဖြု။ အကြောင်းအရာမှာ ခိုင် မဟုတ်တာလုပ်တိုင်း ဤသို့ ကျွန်တော် ခြောက်မြဖြစ်သည်။ သို့ရာတွင် ဘယ်တုန်းကမှ ပြန်မတိုင်ခဲ့ဖူး။ ကြံရာမရသည့် အဆုံး ကျွန်တော် ခိုင့်ကို လိမ်ရသည်။

" အဲ . . . အဲ . . . မတက်နဲ့၊ ဟောဟိုမှာ မမမြိုင်တို့လာပြီ . . . "

ချောက်အောက်မှ ခိုင်သည် မျက်လုံးလေးအပြူးသားဖြစ်သွားသည်။ သူ့လက်ကလေးများကို ရေပြင်တွင် ပက်ပက်ပက်ပက်ဖြင့် လျင်မြန်စွာ ဆေးလိုက်ပြီး ချောက်ပေါ်သို့ ပြန်တက်ရန် ကြိုးစားသည်။ ချောက်သည် အတန်မတ်သည်။ ရေတို့ဖြင့်လည်း ချောနေသောကြောင့် ဆင်းစဉ်က လွယ်သော်လည်း တက်ရန်မှာ ခက်သည်။

ခိုင်သည် လေးဖက်လေးထောက်၍ ကုန်းကုန်းကုန်း ကုန်းဖြင့် ချောက်နံရံကို တွယ်ကပ်ကာတက်သည်။

သို့ရာတွင် အပေါ်မရောက်။ အောက်သို့သာ ပြန်လျှောကျနေသည်။ မိုက်ဆိုးသော ကောင်မလေးသည် ငိုမဲ့မဲ့ဖြင့် ကျွန်တော့်ထံ မော့ကြည့်ကာ အသံတုန်တုန်ဖြင့် လှမ်းအော်သည်။

" မောင် . . . ခိုင် ပြန်တက်လို့ မရတော့ဘူး "

ကျွန်တော်က လက်ခုပ်တီးရင်း မခံချင်အောင်ပြောသည်။

"ကောင်းတယ် ကောင်းတယ် . . . မောင် အစကမပြောဘူးလား။ မတက်နိုင်တာ ကောင်းတယ် "

ခိုင်သည် နံရံကို ကုတ်ကတ်တွယ်တက်၍ ပြန်တက်ရန် ကြိုးစားပြန်သည်။ သို့ရာတွင် မအောင်မြင်ဘဲ ပြန်လျှောကျပြန်သည်။ ဤအကြိမ်တွင်မူ ခိုင်သည် ချောက်အောက်ရေစပ်တွင် သူ့မျက်လုံးများကို လက်မောင်းလေးများနှင့် ပွတ်ရင်း အော်ငိုတော့သည်။ ခိုင် ငိုသောအခါ ကျွန်တော်က မနေနိုင်တော့ဘဲ လှမ်းအော်ရသည်။

"ခိုင် . . . ငိုမနေနဲ့။ မောင် အလကားပြောတာ၊ မမမြိုင်တို့ မလာဘူး . . . မောင် ဆင်းလာခဲ့မယ် . . . "

ကျွန်တော်သည် ကျွန်တော့်လွယ်အိတ်ကို ပစ်ချကာ ခိုင်ဆင်းသွားသော လမ်းအတိုင်းလိုက်၍ ဆင်းသွားသည်။

ကျွန်တော်အောက်ရောက်သောအခါ ခိုင်သည် မျက်ရည်ကြားမှ ပြုံးကြည့်သည်။

" ခိုင် သိပ်ဆိုးတာပဲ . . . ကျောင်းနောက်ကျတော့မယ်။ ပေးပေး ခိုင့်လက် မောင့်ကိုပေး . . . "

ကျွန်တော်က ခိုင့်လက်လေးကို လက်တစ်ဖက်ဖြင့်ဆွဲကာ ကျန်လက်တစ်ဖက်ဖြင့် ချောက်နံရံကိုကုတ်ကပ်တွယ်တက်သည်။ ချောက်အခြေမှ ရေတို့ကြောင့် ခိုင့်ဖိနပ်ရော ကျွန်တော့်ဖိနပ်ပါ ရွှံ့ရွဲစိုနေသည်။ ဖိနပ်စိုများဖြင့် ထိသောအခါ နဂိုက ချောနေသော နံရံမြေသည် ပို၍ချောလာပြီး ခြေကုတ်မရဘဲ ရှိနေသည်။ သုံးလေးကြိမ် ကြိုးစားပြီးသောအခါ ကျွန်တော် လက်လျှော့ရသည်။

ခိုင်က ငိုသည်။ ကျွန်တော်ကမူ ချောက်အောက်မှ အပေါ်သို့မော့၍ ဟိုဟိုသည်သည် ကြည့်သည်။ ချောက်ကမ်းပါးကြီးသည် မြင့်မားစွာ ကျွန်တော်တို့အပေါ် မိုးနေ၏။

ကျွန်တော်သည် ချောက်ပတ်ပတ်လည်လှည့် ၍ ဟိုဟိုသည်သည် တက်လမ်းကိုကြည့်သည်။ တက်စရာလမ်းကို ဘယ်ဆီမှမမြင်။ ထိုစဉ်တွင် ကျွန်တော်နှင့် ခိုင်၏ အသည်းနှလုံးတို့ တုန်လှုပ်ချောက်ချားစေသော ခေါင်းလောင်းသံကိုကြားလိုက်ရသည်။

" ဟော . . . ခေါင်းလောင်းသံကြားတယ်။ ကျောင်းတက်ပြီ၊ မောင် ကျောင်းတက်ပြီ "

ကျွန်တော့်အပါးမှ ခိုင်သည် အရှူးမလေးသဖွယ် အော်သည်။ ကျောင်းတက်ခေါင်းလောင်းသံသည် အလွန်ရှည်သည်ဟု ကျွန်တော့်စိတ်၌ ထင်မိသည်။

ခေါင်းလောင်းသံ ရှည်သမျှ စိုးရိမ်ပူပန်မှုတို့သည် ရင်၌ မြင့်တက်လာသည်။

"မောင် . . . ကျောင်းတက်နေပြီ။ ခိုင်တို့ ဘာလုပ်မလဲ"

ခိုင်က မေးသော်လည်း ဘာလုပ်ရမည်ကို ကျွန်တော် မသိ။ အတန်ကြာ စဉ်းစားပြီးမှခိုင် စိတ်သက်သာအောင် ကျွန်တော်က ကြံဖန်ပြောရသည်။

" မပူပါနဲ့ခိုင်ရာ . . . ။ တော်တော်ကြာ လူကြီးတစ်ယောက် ယောက် ဒီနားဖြတ်သွားရင် မောင်လှမ်းခေါ်ပါ့မယ် "

"ဒါပေမယ့် ကျောင်းနောက်ကျတော့ ဘယ့်နှယ်လုပ်မလဲ"

"သိပ်နောက်ကျမှာ မဟုတ်ပါဘူး ခိုင်ရယ် . . . တို့ အပေါ်ရောက်တော့ ခြေတွေလက်တွေဆေးပြီး ကျောင်းသွားတာပေါ့။ ဆရာမတွေ မေးရင် ထမင်းချက်တာ နောက်ကျတာလို့ ပြောမယ် "

ကျွန်တော့်စကားကြောင့် ခိုင်သည် စိတ်သက်သာဟန် ငြိမ်သွားသည်။ မျက်တောင်များကြားတွင် မျက်ရည်တို့ တွဲခိုလျက်နှင့် တစ်ခ်ီတစ်ခ်ီတွင်မူ ရှိုက်နေသေးသည်။

ကျွန်တော်က ခေတ္တမျှ စောင့်လျှင် လူရိပ်လူယောင် တွေ့လိမ့်မည် ထင်သည်။ သို့ရာတွင် မည်သူမျှ ပေါ်မလာ။ လူသူအစား ကျောင်းမှ အတန်းခေါင်း လောင်းသံသာ ထပ်ပေါ်လာသည်။

နောက်ထပ် နာရီဝက်မျှ စိတ်ပျက်စွာ စောင့်နေဆဲ ကျွန်တော်တို့ မျှော်လင့်နေသော လူရိပ်လူယောင်ကို တွေ့ရသည်။ ထိုသူသည် ချောက်ထိပ်တွင်ရှိသော ကျွန်တော်တို့၏ လွယ်အိတ်များကို ကောက်ကြည့်ကာဝေခွဲမရအောင် ခေတ္တငိုင်နေသည်။ ထို့နောက် ပတ်ဝန်းကျင် ဟိုဟိုသည်သည်ကို ကြည့်သည်။ ချောက်တွင်းကို မကြည့်မိသဖြင့် ကျွန်တော်တို့ကို သူမတွေ့သေး။ သို့ရာတွင် သူကို သဲသဲကွဲကွဲ မြင်ရသောအခါ၌လန့်သွားသည်။

"ဟိုက် . . . ဦးပိုးဖြူကြီး . . . "

ကျွန်တော်က လွတ်ခနဲ ပြောမိသည်ကို အလိုက်မသိသော ခိုင်က တိုက်တွန်း၏။

"ခေါ်လိုက် . . . ခေါ်လိုက် "

"အို . . . ခေါ်လို့ဘယ်ဖြစ်မလဲ "

ကျွန်တော်တို့ သန်လျင်မြို့တွင် ပင်စင်စားအရာရှိများ အလွန်ပေါသည်။ အားလုံးလိုလိုမှာလည်းကျွန်တော်တို့နှင့် ဆွေမျိုးတော်လျှင်တော်၊ မတော်လျှင်လည်း ရင်းနှီးခင်မင်သော အဘိုးကြီးများဖြစ်သည်။

အဘိုးကြီးများပီပီ စည်းကမ်းကြီးကာ အလွန်ဆူပူမောင်းမဲတတ်သည်။ သူတို့အထဲ ကျွန်တော် အကြောက်ဆုံးကား ကျွန်တော့်အဘိုးလေးဖြစ်သူ ဦးဘိုးရင်ဖြစ်သည်။ သူက ပင်စင်စား ရဲအရာရှိဖြစ်သည်။

သူကဲ့သို့ပင် ကျွန်တော်ကြောက်သော အခြားအဘိုးကြီးနှစ်ဦးမှ နာမည်ကိုကပင် ကြောက်စရာကောင်းသည်။ ကျားမောင်ကြီးနှင့် ဆင်မောင်ကြီးဟူသတည်း။ ယခု ကျွန်တော်တွေ့နေရသော ဦးပိုးဖြူကြီးမှာလည်း အထက်ပါ အဘိုးကြီးများနည်းတူ ကျွန်တော်ကြောက်ရသော အဘိုးကြီးပင်တည်း။ သူသည် ပင်စင်စား ရာဇဝတ်အုပ်တစ်ဦးဖြစ်သည်။ ကျွန်တော့်အမေ၏ အဖေ ကျွန်တော့် အဘိုးနှင့် သူငယ်ချင်းဖြစ်၍ ကျွန်တော့်ကို မြေးတစ်ယောက်ပမာ နိုင်နင်းဆုံးမနိုင်သူဖြစ်သည်။ ကျွန်တော်တို့ ဤချောက်ကြီးတွင် ရောက်နေမှန်း သူသိလျှင် ဤစည်းကမ်းကြီးသော အဘိုးကြီးသည် ကျောင်းသို့လည်း လိုက်တိုင်မည်။ အိမ်သို့လည်း လိုက်တိုင်မည်။ သူ့အိမ်မှာလည်း ဤချောက်အနီးတွင် ရှိသဖြင့် ကံဆိုးချင်သောကြောင့် သူနှင့် ကျွန်တော်တို့ လာတိုးခြင်းဖြစ်သည်။

ကျွန်တော်သည် သူမမြင်အောင်ပုန်းရန် နေရာရှာနေသည်။ သို့ရာတွင် အပေါ်စီးမှ ကြည့်သော အဘိုးကြီးသည် ကျွန်တော်တို့အား မကြာမီ တွေ့သွားသည်။

"ဟယ် . . . သောက်ကျိုးနည်း ကလေးနှစ်ယောက်ပါလား "

မျက်စိမှုန်သော ဦးပိုးဖြူကြီးသည် အဝေးမှဖြစ်သဖြင့် ကျွန်တော်တို့ကို မမှတ်မိသေး။ ကျွန်တော်တို့ ရှိရာ ချောက်ကမ်းပါးသို့ ကူးလာပြီးမှ ကျွန်တော့်ကို မှတ်မိသည်။

"တယ်ဆော့တဲ့ ကလေးတွေပဲ၊ ချောက်ထဲ ဘာဆင်းလုပ်တာလဲ။ အမယ် ဟိုကောင် ငမောင်မဟုတ်လား။ မိခင်မြသား ငမောင် မဟုတ်လား "

ကျွန်တော်သည် မဖြေနိုင်ဘဲ ငြိမ်နေ၏။

"တက်ခဲ့ကြလေ . . . ဘာလုပ်နေကြတာလဲ "

"တက်လို့မှ မရဘဲ ဘိုးဘိုးရ . . . "

"ဘာလို့ တက်မရ,ရမှာလဲ . . . ။ ဆင်းတုန်းကတော့ ဆင်းနိုင်သလား "

ကျွန်တော်က မဖြေမိပင် ခိုင်က သူ့အသံစာစာလေးဖြင့် ပြန်ဖြေသည်။

" ဆင်းတုန်းကတော့၊ ဆင်းလို့ရတာပေါ့။ တက်တော့ တက်လို့မှ မရဘဲ "

ဦးပိုးဖြူကြီးသည် ကမ်းပါးထက်မှ မျက်မှောင်ကြုတ်၍ တစ်ချက် ကျွန်တော်တို့အား ကြည့်သည်။ ထို့နောက် ပုဆိုးတိုတို ပြင်ဝတ်၍ အောက်သို့ဆင်းလာသည်။

"သိပ်ရှုပ်တဲ့ ကလေးတွေပဲ၊ ကဲ . . . ငါ့ခါးကို ဖက်ကြ။ ဟဲ့ . . . အဲဒီလို ဖက်ခိုင်းတာမဟုတ်ဘူး၊

တစ်ယောက်က ငါ့ခါးဖက်၊ နောက်တစ်ယောက်က နောက်တစ်ယောက်ခါးကိုဖက်၊ အေး အေး . . . အဲဒီလို . . . "

ဤသို့ဖြင့် ဦးပိုးဖြူကြီးက ရှေ့မှကုန်းပိုးတက်သည်။ ခါးကို ဖက်မရသဖြင့် ကျွန်တော်က ပုဆိုးစကိုဆွဲသည်။ ခိုင်သည် ကျွန်တော့် ဘောင်းဘီခါးတံကိုဆွဲ၍ လိုက်သည်။ သုံးလေးလှမ်းမူ တက်သွားနိုင်သည်။

သို့ရာတွင် အချောဆုံးနေရာသို့ ရောက်သောအခါ ရှေ့မှ ဦးပိုးဖြူကြီး ထိတ်လန့်တကြား အော်လိုက်သံကိုကြားရသည်။

"ဟယ် . . . နင့်အမေကလွား . . . ချော်ပြီဟေ့ . . . "

ကျွန်တော်တို့သုံးယောက်လုံး ချော်ကျလာသည်။ ပေါ့ပါးသော ကျွန်တော်တို့ကလေးများက လွင့်စဉ်၍ ကမ်းပါးအခြေသို့သာ ကျသည်။ ဘိုးဘိုး ဦးပိုးဖြူကြီးမှာမူ သူ့ခန္ဓာကိုယ်ကြီးကြောင့် အရှိန်ပက်လက်လန်ကာ ရေထဲသို့ ဇောက်ထိုးပိုးမျှော်ကျသွားသည်။ ရေထဲမှ ကုန်းထလိုက်သောအခါ တစ်ကိုယ်လုံး ရွှဲရွဲစိုး၍ နီနီဝါဝါတို့သည် ရှည်နေသော သူ့ကတုံးမွေး ဖြူဖြူနှင့် နှုတ်ခမ်းမွေးဖြူဖြူတို့တွင် လိမ်းကျံပေကပ်နေသည်။ **ဆက်လက်ဖော်ပြပါမည်။**

(၁၉၆၄ ခုနှစ် ဗြိုလက ထုတ်ဝေခဲ့သော ဆရာတင်္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

တာချီလိတ်၊ ဗန်းမော်၊ ရွှေကူ၊ မိုးကောင်း၊ တနိုင်း၊ ဘိုကလေးနှင့် ရှင်ဗွေယန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVD-T2)ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိကြောင်း အသိပေးတင်ပြခြင်း

ယမန်နေ့မှအဆက်

ဘိုကလေးစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်း လုပ်ငန်းကို ၁၀-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂-၃-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 3 KW၊ လှိုင်းနှုန်း (E-30) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် ဖျာပုံ၊ ကျိုက်လတ်အထိ လည်းကောင်း၊ အနောက်မြောက်ဘက်တွင် မော်လမြိုင်ကျွန်း၊ ကျုံမငေးအထိလည်းကောင်း၊ တောင်ဘက်တွင် ကျုံကဒွန်း၊ ကမာကလူ၊ စက်ဆန်း၊ ကြက်ဖမေးစောင်း၊ ကဒုံကနီ၊ ရေလယ်ကျွန်း ကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် ရွှေတောင်မော်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ရှင်ဗွေယန်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်း လုပ်ငန်းကို ၁-၃-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၄-၃-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50W၊ လှိုင်းနှုန်း (E-22) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့တောင်ဘက်တွင် တဆိတ်ကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် ပလောင်ကုန်းကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် အမှတ် (၃၁၈) တပ်ရင်းအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

တတိယအဆင့်စက်ရုံ ၆၉ရုံအနက် အထက်ဖော်ပြပါ စက်ရုံ ခုနစ်ရုံမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများတွင် လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top Box၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်သည်။ Digital ရုပ်မြင်သံကြား လိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာ အရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရမည်။

ယင်းနောက် Set-top Box၊ DVB-T2 TVတို့ရှိ Remote ပါ ခလုတ်များမှ Menu ကို နှိပ်၍ Installation သို့ သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်ရှိ အခမဲ့ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူ ရရှိပါမည်။ ယင်းနောက် Exit ခလုတ်နှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

DVB-T2 လွှင့်စက်ရုံများ၏ လွှင့်အား ပုံနှိပ်မှု အခြေအနေ

စဉ်	စက်ရုံ	လွှင့်အား	Frequency MHz	စတင်ထုတ်လွှင့်ရက်	ဖမ်းယူရရှိသည့်နေရာများ
၁	တာချီလိတ်	300W	E-27	၂-၂-၂၀၁၅	အရှေ့ဘက်ဒွေဟန်၊ ဝါခုတ်နို၊ ဝမ်တုံစံပြကျေးရွာအထိ အရှေ့မြောက်ဘက် ဖန်မင်၊ ပန်အင်၊ တောင်သုံးလုံးကျေးရွာအထိ မြောက်ဘက် ယမ်းခမ်း၊ ရန်နိုင်၊ ပန်ဟတ်ကျေးရွာအထိ
၂	ဗန်းမော်	300W	E-22	၁၆-၂-၂၀၁၅	အရှေ့ဘက်မိုးမောက်မြို့၊ ကျောက်စခန်း၊ ၇ ပိုင်ကျေးရွာအထိ အရှေ့တောင်ဘက် မံစီမြို့၊ ဗန်းမော်-မန္တလေး- နန့်ခမ်း လမ်းဆုံ၊ မံရွတ်ကျေးရွာအထိ
၃	ရွှေကူ	100W	E-21	၂၀-၂-၂၀၁၅	အနောက်တောင်ဘက် နောင်လတ်ကြီး၊ စီမူလေးကျေးရွာအထိ တောင်ဘက် တုံးကောက်၊ စီသာ ကျေးရွာအထိ
၄	မိုးကောင်း	300W	E-22	၂၂-၂-၂၀၁၅	အရှေ့ဘက် ပင်းခါးကျေးရွာအထိ၊ အနောက်ဘက် (၈)မိုင်လမ်းဆုံအထိ၊ တောင်ဘက် ပင်းဘောကျေးရွာအထိ၊ မြောက်ဘက် နမ္မတီးကျေးရွာ၊ နမ္မတီးကျောက်တောင်အထိ
၅	တနိုင်း	100W	E-21	၁-၃-၂၀၁၅	အရှေ့ဘက်အောင်လွတ်ကျေးရွာအထိ၊ အနောက်ဘက်မိုင်းခွန်းကျေးရွာအထိ၊ တောင်ဘက် ကောင်ရာကျေးရွာအထိ၊ မြောက်ဘက် မကောကျေးရွာအထိ
၆	ဘိုကလေး	30 KW	E-30	၂-၃-၂၀၁၅	အရှေ့ဘက် ဖျာပုံ၊ ကျိုက်လတ်အထိ၊ အနောက်မြောက် မော်လမြိုင်ကျွန်း၊ ကျုံမငေးအထိ တောင်ဘက် ကျုံကဒွန်း၊ ကမာကလူ၊ စက်ဆန်း၊ ကြက်ဖမေးစောင်း၊ ကဒုံကနီ၊ ရေလယ် ကျွန်းကျေးရွာများအထိ၊ မြောက်ဘက် ရွှေတောင်မော်အထိ
၇	ရှင်ဗွေယန်	50 W	E-22	၄-၃-၂၀၁၅	အရှေ့တောင်ဘက် တဆိတ်ကျေးရွာအထိ၊ အနောက်ဘက် ပလောင်ကုန်းကျေးရွာအထိ မြောက်ဘက် အမှတ်(၃၁၈) တပ်ရင်းအထိ

တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာတွင် စနစ်တကျ လယ်ယာမြေကော ၁၀၀ ကို မတ်အတွင်း ဖော်ထုတ်

တပ်ကုန်း၊ မတ် ၁၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာအုပ်စု ရွေးစုကျေးရွာတွင် စနစ်တကျ လယ်ယာမြေ ဧက ၁၀၀ကို မတ်လ ပထမအပတ်တွင်းမှ စတင်ဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

ထိုသို့ အဆင့်မြင့်စနစ်တကျလယ်ယာမြေဖော်ထုတ်လျက်ရှိသည့် လုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေး တာဝန်ခံ ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်ရေးအဖွဲ့တို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

တပ်ကုန်းမြို့နယ်ရွေးစုကျေးရွာအုပ်စု ရွေးစုကျေးရွာတွင် စနစ်တကျ လယ်ယာမြေဖော်ထုတ်မှု နှင့် ပတ်သက်၍ အမှတ် (၆၈) စက်မှုလယ်ယာစခန်း တပ်ကုန်းမြို့နယ်မြို့နယ်ဦးစီးမှူးဦးသန့်ဇော်ဦး က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရူပဗေဒ)**

ပုပ်ပွနေတဲ့အမျိုးသားအလောင်းကိုစစ်ဆေးခဲ့ရာမှ လူသတ်မှုကျူးလွန်သူကိုဖော်ထုတ်နိုင်ခဲ့ လူသတ်မှုမှာ ပါဝင်ပတ်သူ (၁၅)ဦးကိုသေဒဏ်ချမှတ် မားပြတိုက်မှုကျူးလွန်သူများကို အရေးယူထားပြီ အရက်သောက်သူချင်း စားနဲ့ထိုးလို့ ဖျန်ဖြေပေးသူပါ စားနဲ့အထိုးခံရ ဝါးခုတ်လုပ်သားချင်း အရက်သောက်ကြရာမှ လူသတ်မှုဖြစ် ဇနီးကို ဘုရားပန်းတိုးနဲ့ရိုက်တဲ့လင် အပြိုးထားပြီးစားနဲ့ခွတ်ပြေးတဲ့သူ သေဆုံးသွားရတဲ့ဖြစ်ရပ် အိမ်ထောင်ရေးအဆင်မပြေလို့ မိခင်အိမ်ကိုမီးနဲ့ရှို့တဲ့သား ထမင်းချက်အမျိုးသမီးကို အလုပ်သမားအမျိုးသားက အဓမ္မကျင့် နာရေးအိမ်ရှေ့က ဖဲပိုင်းကြောင့်ဖြစ်ရတဲ့ပြဿနာ သိမ်းပြီးသားခြင်ထောင်ကိုပြန်ထောင်ခိုင်းကာ အဓမ္မပြုကျင့်ခဲ့သူ အချိုရည်ထဲအရက်ရောကာ နားကွင်းပြုတ်ယူမှုဖြစ်ပွား ဝိုင်းဝန်းရိုက်နှက်ကြတဲ့မိသားစုကို အမှုဖွင့်ပြီ ပညာရေးမှူးရုံးက ငွေတွေ့ခိုးတဲ့သူခိုး ငွေကျပ်(၁၀၀၀)ကစတဲ့အသေးအမွှား ပြဿနာ လူသတ်မှုထိ ကြီးမားသွားရတဲ့ဖြစ်ရပ် အရက်မူးနေတဲ့မောင်က အစ်မဖြစ်သူကို စားနဲ့ခွတ်သတ်ဖြစ်ရပ်... စတဲ့သတင်းများနဲ့အတူ **ကဏ္ဍအိုလင်းစု၊ ဒစ်ဂျစ်ရုပ်ပြ**









အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန် ၊ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက် ၃ရပ်ကိုအခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက်ဒီဇိုင်းထုင်၍ အကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှ အစပြု၍ ထဘီ၊ ခိုတ်ထဘီ၊ ဘောင်းဘီနှင့် စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရုပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင် စုစုပေါင်း အမျိုး(၂၀)ကျော်ကို အချိန်ကိုက်အတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင်ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူမည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲများ

တန်းခွဲ(A)	-	တနင်္လာ၊ အင်္ဂါ	-	ညနေ 4:00 နာရီမှ 6:00 နာရီ
တန်းခွဲ(B)	-	ဗုဒ္ဓဟူး၊ ကြာသပတေး	-	ညနေ 5:00 နာရီမှ 7:00 နာရီ
တန်းခွဲ(C)	-	စနေ၊ တနင်္ဂနွေ	-	နံနက် 7:00 နာရီမှ 9:00 နာရီ
တန်းခွဲ(D)	-	စနေ၊ တနင်္ဂနွေ	-	နံနက် 10:00 နာရီမှ 12:00နာရီ
တန်းခွဲ(E)	-	စနေ၊ တနင်္ဂနွေ	-	မွန်းလွဲ 1:00 နာရီမှ 3:00 နာရီ
တန်းခွဲ(F)	-	စနေ၊ တနင်္ဂနွေ တစ်ပတ်(၂)ရက်(၃)လပြတ်	-	ညနေ 4:00 နာရီမှ 6:00 နာရီ
တန်းခွဲ(G)	-	တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ	-	မနက် 7:00 နာရီမှ 9:00 နာရီ
တန်းခွဲ(H)	-	တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ	-	မနက် 10:00 နာရီမှ 12:00 နာရီ
တန်းခွဲ(I)	-	တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ တစ်ပတ်(၃)ရက်(၂)လပြတ် (၁-၄-၂၀၁၅)ရက်တွင် စတင်ဖွင့်လှစ်မည်။	-	မွန်းလွဲ 1:00 နာရီမှ 3:00 နာရီ

လူပျိုရေ၊ ကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလျှေ့ငွေသုံးသောင်းကျပ် ထည့်ဝင်လျှာ်ငါးနှိုးနှင့် အောက်ပါလိပ်စာအတိုင်း ၃၁-၃-၂၀၁၅ရက် နောက်ဆုံးထား၍ မနက်(၈)နာရီမှ ည(၈)နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(၁)၊ (၃၇)လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ပန်းဆိုးတန်းလမ်းမတိုင်တွင် ဆင်းပါ။) ဖုန်း-၀၉-၅၀၁၈၇၆၇၃ သင်တန်းခွဲ၊ နေရာခွဲများ လုံး၀မရှိပါ။

ပြည်တွင်းရေးရာ

ပဲခူးမြို့၌ စာအုပ်ဆိုင်များ ရောင်းအားကောင်းလာ

ပဲခူး၊ မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်တွင် စာအုပ်စာပေဖြန့်ဖြူးသည့်ဆိုင်အများအပြားရှိသည့်အနက် ဂျာနယ်မျိုးစုံကိုလည်း ရောင်းချသည်ကို တွေ့ရှိရသည်။ အလိမ္မာစာမှာရှိဆိုသည့်အတိုင်း သတင်းနှင့် ဗဟုသုတလေ့လာရှာဖွေသူများပြားလာသည်။ ထို့ကြောင့်စာအုပ်စာပေဖြန့်ဖြူးရေးနှင့်ဂျာနယ် အရောင်းဆိုင်တို့မှာ လူများအဝယ်များ၍ရောင်းအားကောင်းလာသည်ကို တွေ့ရှိရသည်။ ရပ်ကွက်တိုင်းလိုလို စာပေရေချမ်းစင်နှင့်နံရံကပ်ရေချမ်းစင်တို့ရှိပြီး ရပ်ကွက်တိုင်းမှာလည်း စာပေဟောပြေပွဲများပြုလုပ်ကြသည်။ ပဲခူးမြို့ရန်ကုန်-မန္တလေးလမ်းမပေါ်မှ သဇင်(၁)စာပေ ဆိုင်ရှင်ဖြစ်သူ ဦးမောင်မောင်က ၂၀၁၄ နှစ်ကုန်ပိုင်းနှင့် ၂၀၁၅ နှစ်စပိုင်းတို့မှာ ပို၍ ရောင်းအားကောင်းကြောင်း ပြောကြားသည်။ **သုလင်း(ဟံသာမြေ)**

မီးဘေးကြုံတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ဆင်ပေါင်ဝဲ မတ် ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရင် ဆင်ပေါင်ဝဲမြို့၌ ၂၀၁၅-ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေချိန်အတွင်း မီးလန့်မှု၊ မီးလောင်မှု မဖြစ်စေရေး အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့မှ လူနေအိမ်များ၊ကျောင်းဘော်ဒါဆောင်များနှင့် လုပ်ငန်းရှိသည့် အိမ်များအား မီးဘေးကာကွယ်ရေးအတွက် မတ် ၆ရက်မှ စတင်စစ်ဆေးနေကြောင်းသိရသည်။

ထိုသို့ စစ်ဆေးရာတွင် စခန်းတာဝန်ခံ ဦးဝင်းမောင် ခေါင်းဆောင်သော သန္ဓမီးသတ်တပ်ဖွဲ့ဝင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက် အမှတ်(၁)၊(၂)၊(၃)၊ ရပ်ကွက်များသို့ စစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့ပြင် မြို့နယ် စာစစ်ဌာန(၂)ခုရှိ တက္ကသိုလ်ဝင် စာမေးပွဲ ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုနေစဉ်အတွင်း မြို့နယ်မီးသတ် တပ်ဖွဲ့စခန်းတွင်လည်း မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ နေ့စဉ် အလှည့်ကျသွားရောက်၍ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြီးကြပ်လျက်ရှိကြောင်း သိရသည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

မင်းဘူး(စကု)မြို့နယ် နွေစပါးစိုက်ပျိုးရေး ကွင်းဆင်းစည်းရုံးဆောင်ရွက်

မင်းဘူး၊ မတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် မတ် ၉ ရက်က မင်းဘူး(စကု)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက အိုင်းမဆည်ရေသောက် ရေဝေဒေသတွင် မြောင်းဦး၊ ခွန်သာအုပ်စုအတွင်းရှိ နွေစပါးစိုက်ပျိုးမည့်တောင်သူများ ၁၁၇ ဦးနှင့် တွေ့ဆုံပြီး ၂၀၁၄-၂၀၁၅ခုနှစ် နွေစပါးလျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းစည်းရုံးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ၂၀၁၄-၂၀၁၅ခုနှစ် နွေစပါးလျာထားဧက ပြည့်မီရေးအတွက် ကူညီပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စပါးသီးနှံသည် နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သောကြောင့် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရေးအတွက် ပြောကြားခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျစိုက် ပျိုးနည်းစနစ်များနှင့်အညီ စိုက်ပျိုးရေး၊ နွေစပါးမျိုးသန့်စပြစိုက်ခင်းများ ထူထောင်၍ မျိုးသန့်ပွားများဆောင်ရွက်မည့် အစီအစဉ်များကို ပြောကြားခဲ့သည်။

မြို့နယ်စက်မှုလယ်ယာဦးစီးမှူးဦးမြင့်စိုးက လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတွင် စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးမည့် အစီအစဉ် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အဌားစနစ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားခဲ့သည်။

ဆည်မြောင်းဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းက ၂၀၁၄-၂၀၁၅ခုနှစ် နွေစပါစိုက်ရာသီတွင် အိုင်းမဆည်ရေသောက်မှ နွေစပါး ၇၅၀ ဧကအတွက် စိုက်ပျိုးရေလုံလောက်စွာပေးနိုင်မည့် အစီအစဉ်များရှိကြောင်း၊ နွေစပါးလျာထားဧကပြည့်မီစွာ စိုက်ပျိုးရေးများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မျိုးသန့်မျိုးပွားစိုက်ခင်း ထူထောင်ရန်အတွက် နွေစပါးစိုက်ပျိုးရန် ဒေသနှင့်ကိုက်ညီသင့်တော်သည့် ရတနာတိုးမျိုးသန့်မျိုးပွားမျိုးစေ့ ၃၀ ဧကစာအား မြောင်းဦးအုပ်စုတွင် ၁၅ ဧကစာနှင့်ခွန်သာအုပ်စုတွင် ၁၅ ဧကစာ အခမဲ့ပံ့ပိုးကူညီခဲ့ကြောင်းသိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

မီးသတ်ပစ္စည်းကိရိယာများ ပေးအပ်ပွဲ မင်းဘူး၌ ကျင်းပ

မင်းဘူး၊ မတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များသို့ မီးသတ်ပစ္စည်းကိရိယာများ ပေးအပ်ပွဲကို မတ်၁၀ ရက် ညနေ၄နာရီက ကျင်းပခဲ့ရာ အခမ်းအနားတွင် မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်တို့က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ မီးသတ်စခန်းတာဝန်ခံများထံ မီးသတ်ပစ္စည်း ကိရိယာများနှင့် မီးသတ်ဝတ်စုံများအား ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မင်းဘူးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မင်းဘူး၊ ပွင့်ဖြူ စလင်း၊ စေတုတ္တရာ၊ ငဖဲမြို့နယ်များမှ မီးသတ်စခန်းတာဝန်ခံများနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သူရထွန်း**

စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပ

ကျောက်တံခါး၊ မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဒေသ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ မှ ကြီးမှူးကျင်းပသော စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၉ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ထို့နောက် စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းတွင် သင်တန်းသား ၁၈၀ ဦးကို သင်တန်းနည်းပြ ဦးဝင်းသန်းက ကြီးကြပ်၍ တစ်လတိတိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလတွင် သင်တန်းသား များအတွက် ကျောက်တံခါးမြို့နယ် သာသနာ့နဂ္ဂဟဥက္ကဋ္ဌ ဦးစန်းထွေးက အလှူငွေသုံးသောင်းကျပ် လှူဒါန်းရာ လှူဒါန်းငွေကို စာတိုက်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးတင်ကြည်က ကြို့ကုန်းကျောင်းဆရာတော်ထံ လှူဒါန်းခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**

ယင်းတော၌ယဉ်ကျေးလိမ္မာဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်လှစ်

ဝက်လက် မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ယင်းတောကျေးရွာကုန်းမြတ်ကြီးဘုန်းကြီးကျောင်း၌ မတ် ၉ ရက် နံနက် ၇ နာရီခွဲကဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းကို ယင်းတောရွာကုန်းမြတ်ကြီးဆရာတော်ဦးဧသက ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆရာတော် ၂၃ ပါး၊ လူ ၃၇ ဦးစုစုပေါင်း ၆၀ ဦးတက်ရောက်ကြကာ မတ် ၉ ရက်မှ ၁၅ ရက် အထိ ခုနစ်ရက်ကြာဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဝက်လက်မြို့နယ်မှဆရာတော်ငါးပါး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး၊ မြို့နယ်လဝကဦးစီးမှူး၊ ယင်းတောကျေးရွာမှရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **မြို့နယ်ပြန်/ဆက်**

ဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချခြင်း

၁။ တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်/စားသောက်ကုန်ပစ္စည်းများအား အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်ရက်စွဲ - ၁၉-၃-၂၀၁၅
(ခ) လေလံတင်ရောင်းချမည့်အချိန် - နံနက်၁၀နာရီ
(ဂ) လေလံတင်ရောင်းချမည့်နေရာ - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့

၂။ လေလံတင်ရောင်းချခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၂၁၂၁၅စသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

အဆိုပြုတင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံတည်ဆောက်ရန် အတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်ထားရောင်းချမည့်ရက် - ၉-၃-၂၀၁၅ရက်မှ ၈-၄-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
တင်ဒါလျှောက်ထားနောက်ဆုံးတင်ရမည့်ရက် - ၁၀-၄-၂၀၁၅ ရက် ၁၆း၀၀နာရီ
တင်ဒါလျှောက်ထားရောင်းချမည့်နေရာ - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
ဆက်သွယ်ရန် - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

အသေးစိတ် အချက်အလက်များကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

သုခချမ်းသာ သင်္ကန်း

* ပင်ရင်း - အမှတ်(၅၁) (၉)လုပ်ကွက်၊ ဘင်္ဂနီနယ်မြေပြာ ကျိုင်းမြို့နယ်၊ ရုန်ကုန်မြို့။
Ph:01-512443,09-73017656,09-32380867
- ဘုရင့်နောင်လမ်းမကြီးနှင့် အေးမိုဝ်ဖွန်း(၁၁)လမ်းထိပ် 09-73076733
* သင်္ကန်းအမျိုးမျိုးကို မိမိတံဆိပ်ဖြင့် အော်ဒါလက်ခံသွင်းပေးသည်
* လက်ဘက်ရေဖျော်ပြီးနို့ဆီထုပ်ပေးသည်။
* ချိုးကုန်မြို့မှ မိုင်(၅၀)ခန်းထူဆောက်ပို့ (အနှံ ၁၀၀ အထက်)
ဆိုင်ခွဲများ * "ဦးဆောင်နိုင်ဓာတိုး" လှည်းထွန်းဆွေ့၊ ရုန်ကုန်မြို့။ Ph:01 629060,
